www.burmeseclassic.com

# ဒဏ္ဍာရီလူ




ဒဂုန်ရွှေမျှား

www.burmeseclassic.com

www.burmeseclassic.com

စာမူခွင့်ပြုချက်အမှတ် ။ ၅၀၁၄၃၆၀၉၀၉

မျက်နှာဖုံးခွင့်ပြုချက်အမှတ် ။ ၅၀၀၇၉၂၀၉၀၉

ပုံနှိပ်ခြင်း ။ အောက်တိုဘာ၊ ၂၀၀၉

ထုတ်ဝေသူ

ဦးစန်းမွန်အောင်(ငါတို့စာပေ)

75(D)၊ ဗိုးစိန်လမ်း၊ ဗဟန်းမြို့နယ်၊ ရန်ကုန်။

မျက်နှာဖုံးနှင့်အတွင်းပုံနှိပ်သူ

ဒေါ်မေသက်ခိုင် (မြည့်စုံပုံနှိပ်တိုက်)

အုပ်ရေ

၅၀၀

တန်ဖိုး

၁၄၀၀

ထုတ်ဝေသည့် စာအုပ် ကတ်တလောက်အညွှန်း(CIP)

၈၉၅.၈၃

ဒဏ္ဍကျော်စွာ

ဒဏ္ဍာရီလူ/ဒဏ္ဍကျော်စွာ။- ရန်ကုန် ။

ငါတို့စာပေ၊ ၂၀၀၉။

(၁၈၀) စာ၊ ၁၂ စင်တီမီတာ x ၁၈.၅ စင်တီမီတာ ၊

(၁) ဒဏ္ဍာရီလူ

## ဒဏ္ဍကျော်စွာ

# ဒဏ္ဍာရီလူ

www.burmeseclassic.com

www.burmeseclassic.com

အချိန်ကာလကား မြန်မာပြည်၏နောက်ဆုံး ဘုရင်မင်းမြတ်ပါတော်မူပြီးစအချိန် တစ်သက်လုံးကိုယ်မင်းကိုယ့်ချင်းနေထိုင်လာခဲ့သမျှ ယခုအခါတွင်တော့ တိုင်းတစ်ပါးများ၏နင်းပြားဘဝ ကိုရောက်တော့မည်ဟု တွေးကာတစ်တိုင်းပြည်လုံး အပူလုံးကြွနေချိန် အုပ်ချုပ်မှုယန္တယားကြီးလည်းဖရိုဖရဲဖြစ်ကာတောတွင်းဝင်ရောက် ဗုန်းမိုသူများဗုန်းမို တော်လှန်ရေးအတွက်လှုပ်ရှား နှင့်အစစအရာရာ မတည်မငြိမ်ဖြစ်နေသည့် အချိန်ကာလကြီးဖြစ်ခဲ့သည်။

ထိုခေတ်တွင်းက ဒေသတစ်ခုတွင် ဖြစ်ပေါ်ခဲ့သည်တို့မှာတော့ အံ့ဩစရာကြုံမှုများသာမကများစွာစိတ်ဝင်စားဖွယ် ကောင်းလှချေသည်။

သိမှီလိုက်သူတို့အဖို့ နောင်အဆက်ဆက်ညှိနှိုင်းမကျေပြောရစရာဖြစ်ခဲ့သည်ကိုအား အရှင်တိုင်းဖြန့်သည့်ဖော်ပြလိုက်ရပေ၏

မှတ်မှတ်ရရ အဲ့ဒီနေ့ဟာ မိုးတွေသဲသဲမဲမဲရွာနေတဲ့ နေ့တစ်နေ့ပါ။ တစ်ပတ်လောက်တိတိ အဆက်မပြတ် ရွာနေတဲ့မိုးကြောင့် ကျွန်တော်တို့ဟာ တွင်းအောင်းနေတဲ့ ကြွက်ကလေးတွေလို ဘယ်ကိုမှ မသွားနိုင်ခဲ့တဲ့ကာလ။

ကျွန်တော်တို့ ကလေးတွေအဖို့တော့ ရွာဦးကျောင်းကို စာအံမသွားရတဲ့အတွက်လွတ်လပ်ခွင့်ရပြီးအိမ်ခြံဝင်းထဲက နွားတင်းကုတ်မှာ ဆော့ကောင်းတိုင်းဆော့နေရတဲ့ ပျော်စရာကာလတွေပေါ့။

[၁]

မှတ်မှတ်ရရ အဲ့ဒီနေ့ဟာ မိုးတွေသဲသဲမဲမဲရွာနေတဲ့ နေ့တစ်နေ့ပါ။

တစ်ပတ်လောက်တိတိ အဆက်မပြတ် ရွာနေတဲ့ မိုးကြောင့် ကျွန်တော်တို့ဟာ တွင်းအောင်းနေတဲ့ ကြွက်ကလေးတွေလို ဘယ်ကိုမှ မသွားနိုင်ခဲ့တဲ့ ကာလ။

ကျွန်တော်တို့ ကလေးတွေအဖို့တော့ ရွာဦးကျောင်းကို စာအံမသွားရတဲ့အတွက် လွတ်လပ်ခွင့်ရပြီး အိမ်ခြံဝင်းထဲက နွားတင်းကုတ်မှာ ဆော့ကောင်းတိုင်း ဆော့နေရတဲ့ ပျော်စရာကာလတွေပေါ့။

www.burmeseclassic.com

www.burmeseclassic.com



သူရောက်လာတာကို တကယ်တမ်းစမြင်ကာ ဟာ ကျွန်တော်ပါ။

ဒါပေမယ့် ဘာဖြစ်လို့မှန်း မသိဘူး။ သူ့ကိုမြင်တာနဲ့ ကျွန်တော် လန့်သလို ဖြစ်မိတယ်။ ဒါကြောင့် ခါတိုင်း ညှို့သည်တွေကိုမြင်ရင် အမြဲ အော်ကပြေးထွက်နေကျ ကျွန်တော်ဟာ အိမ်ဘက်လှည့်ပြီး ...

"အဖေတို့ အမေတို့ရေ၊ ညှို့သည်ဗျ"

လို့လှမ်းသာအော်လိုက်ပြီး လူကတော့ နေရာက မရွေ့ဘဲ စောင့်ကြည့်နေမိပါတယ်။

မြင်းကြီးတစ်ကောင်ကိုစီးလို့ သူ ကျွန်တော်တို့



ဆီ ရောက်လာခဲ့တာပါ။

လူရောမြင်းပါ အင်မတန်လိုက်ဖက်တယ်လို့ ပြောရလိမ့်မယ်။ အန်းခွံရောင် သူ့မြင်းကြီးဟာ ခေါင်က လည်းကောင်း လည်ဆံမွေးကြီး တဖွားဖွားနဲ့ သိပ်ကြည့်ကောင်းပါတယ်။

သူကလည်း သူ့မြင်းကြီးအတိုင်းပါပဲ။ အင်မတန် ကြွားကြွားရွားရွားရှိတယ်။ မြင်းကြီးပေါ်မှာရှိနေတာတောင်မှပဲ မြင့်မားလှတဲ့ သူ့အရပ်ကြီးဟာ ထင်းနေပါတယ်။

လက်မောင်းနဲ့ လက်ပြင်တွေကလည်း တင်းတင်း တောင့်တောင့် တုတ်တုတ်ခိုင်ခိုင်။ လေးထောင့်ကျကျ မေးရိုးတွေကလည်း ပြတ်သားတည်တံ့တဲ့ စရိုက်ကို ဖော်ပြနေပါတယ်။

ဒါပေမယ့် သူ့မျက်လုံးတွေကတော့ မာကျောအေးစက်လွန်းတယ်။ အဲဒေးကြီးကနေတောင် ကျွန်တော် သူ့မျက်လုံးတွေဆီ စိုက်မကြည့်ရဲဘူး။ အင်အားမြင်းတဲ့ ခြောက်ခြားဖွယ် အငွေ့အသက်တစ်မျိုး ဖြာလက်နေ

www.burmeseclassic.com

www.burmeseclassic.com



သလိုပဲ။

ကျွန်တော့် ဆော်ခေါ်သံကြောင့် အိမ်ထဲကနေ ထွက်လာတဲ့ အဖေဟာ ခြံစံခါးအဝင်ဝမှာပဲ သူနဲ့ဆုံတယ်။

ကျွန်တော်တို့ ရွာကလေးမှာ အရဲရင့်ဆုံးလို့ နာမည်ကျော်ပြီး လူတိုင်းလေးစားခန့်ငြားကြရတဲ့ ကျွန်တော့်အဖေတောင်မှ သူနဲ့စကားပြောစဉ်မှာ ရွံ့တွန့်တွန့် ဖြစ်နေသလိုပါပဲ။

"ဘာများ အလိုရှိလို့ပါလဲ မောင်ရင်"

သူဟာ ကျွန်တော့်အဖေရဲ့မေးခွန်းကို ချက်ချင်း မဖြေသေးပဲ ပတ်ဝန်းကျင်ကို အကဲခတ်သလို တစ်ချက် လှမ်းကြည့်တယ်။

ရှေ့ကြည့်လာတဲ့ သူ့အကြည့်တွေ ကျွန်တော့် ဘက်ရောက်တဲ့အခါ ကျွန်တော်ဟာ ကြောက်စရာ ကောင်းတဲ့ သူ့မျက်လုံးတွေကို ဆိုင်မကြည့်ရဲလို့ ခေါင်းလေး အသာငုံ့နေလိုက်ရတယ်။

"မောင်ရင်၊ ဘာများအလိုရှိလို့လဲကွဲ့"



အဖေက နောက်တစ်ခါမေးတော့မှ သူဟာ ခပ် ထော်ထော် စကားနဲ့ အဖြေပေးလာတယ်။ သူ့အသံက လည်း လူလိုပဲ ခြောက်ကပ်ကပ်နဲ့ ကြောက်စရာကြီး။

"ဘာမှ အထူးတလည် အလိုရှိလို့ရယ် မဟုတ် ပါဘူး၊ ခရီးသွားရင်း ဒီဘက်ကို လမ်းကြုံ ရောက်လာတာပါ၊ ဒီမှာ တည်းဖို့ခိုဖို့ နေရာ လေးများ ..."

"ဟာ၊ သိပ်ရတာပေါ့ မောင်ရင်ရယ်၊ ကျုပ်တို့ အိမ်မှာ တည်းခိုနိုင်ပါတယ်၊ လာပါ ဝင်ပါ လေ"

သူ့စကားတောင် မဆုံးလိုက်ရပါဘူး။ ကျွန် တော့်အဖေက အတင်းဖိတ်ခေါ်တော့တာပါပဲ။ အဲဒါဟာ အဖေရဲ့ သဘောကောင်း၊ ဖော်ရွေလွန်းတဲ့ စရိုက်ပေါ့။

သူက အားနာသွားသလို နဲနဲရွံ့သွားပြီး ...

"ခဏပါပဲ ခင်ဗျာ၊ ကျွန်တော့်မြင်းက အရမ်း ခရီးပန်းနေပြီမို့ပါ"

ပြောသာပြောရတာပါ။ မြင်းတင်မက သူ

www.burmeseclassic.com

www.burmeseclassic.com



ကိုယ်တိုင်ကလည်း အတော်ကြီးပင်ပန်းနေပုံပါပဲ။ ချွေးတွေဖုံတွေ အလိမ်းလိမ်းနဲ့ မျက်နှာကြီးတစ်ခုလုံး ချောင်ကျ၊ မေးရိုးကြီးကလည်းငေါလို့။

"ရပါတယ်၊ ရပါတယ်၊ ခဏမကာပါဘူး ကျုပ်တို့အိမ်မှာ စိတ်တိုင်းကျ တည်းခိုနိုင်ပါတယ်၊ ကဲ အိမ်ထဲဝင်ပြီး ရေကလေး၊ မိုးကလေးများလည်း ချိုးပါဦး၊ မောင်ရင့်မြင်းကိုတော့ ကျုပ်သားကလေးက သိမ်းပေးပါလိမ့်မယ်"

ပြောပြောဆိုဆိုနဲ့ အဖေ ကျွန်တော့်ကို လှမ်းခေါ်ပါတော့တယ်။ မတာတ်သာတော့ပြီမို့ ကျွန်တော်ထွက်လာရပေမယ့် သူ့ဘက်ကို ကျွန်တော်လုံးဝမော့မကြည့်ဝံ့ဘူး။ ခေါင်းကိုသာ တွင်တွင်ငုံ့ထားမိတယ်။

ဒါပေမယ့် ကြောက်သာကြောက်တာပါ။ စိတ်ကလည်း ဝင်စားနေမိတာကြောင့် တင်းကုတ်မှာ မြင်းကို ရေတိုက် သုတ်သင် အစာကျွေးနေရင်းက အဖေနဲ့အတူ အိမ်ပေါ်လိုက်တက်သွားတဲ့ အဲဒီ ဧည့်သည်လူဆိုးပဲ အာရုံရောက်နေမိပါတယ်။

✱



ကျွန်တော်တို့အိမ်ဟာ ခြံဝိုင်းကြီးရဲ့ အလယ်ဘက်စွန်းကိုကပ်ပြီး ဆောက်ထားတာပါ။ ညာဘက်မှာက စပါးကျီရယ်၊ နွားတင်းကုတ်ရယ်ရှိပြီး ဘယ်ဘက်နောက်ဖေးဝိုင်းမှာ ရေချိုးဖို့နေရာအဖြစ် အင်တုံလေးတစ်ခု ချထားတယ်။

ဧည့်သည်ဟာ အဖေက အိမ်ပေါ်ခေါ်သွားပြီး မကြာခင် ရေသွားချိုးတယ်နဲ့ တူပါတယ်။ အသံမကြားရပဲရှိတယ်။ ခဏလောက်နေတော့မှ ...

"သားရေ၊ နီတွတ်၊ ထမင်းစားကြရအောင်" ဆိုတဲ့ အမေ့စကားသံကြားရလို့ အိမ်ပေါ်တက်

www.burmeseclassic.com

www.burmeseclassic.com



အသွားမှာ ညှော်သည်ကို ထမင်းစားပွဲဝိုင်းမှာ အသင့်ထိုင်ရက်သားတွေ့ရပါတယ်။

သူ့ကိုမြင်လိုက်ရတာနဲ့ပဲ ကျွန်တော့်ခြေလှမ်းတွေ တုန့်ကနဲ ဖြစ်သွားရတယ်။ အမေက …

“သား … လာလေ”

လို့ ခေါ်နေတာကြောင့်သာ မဝံ့မရဲ နှလျှောက်သွားခဲ့ရပြီး ညှော်သည်နဲ့ အဝေးဆုံးဖြစ်မယ့် စားပွဲတစ်ဘက်စွန်းက နေရာမှာ ဝင်ထိုင်ဖြစ်ခဲ့ပါတယ်။

ညှော်သည်ကတော့ ကျွန်တော့်ကို ဂရုတောင်ပြုမိပုံမရပါဘူး။ ထမင်းကိုသာ တစ်ယောက်တည်း အတွင်သား ငုံ့စားနေတယ်။

သူ့ကြည့်ရတာ အတော်လေးဆာလောင်လာပုံပါပဲ။ ကျွန်တော်တို့ အိမ်သားတွေ လူစုံအောင်တောင်မစောင့်နိုင်တော့ပဲ အတင်းအငမ်းမရ စားသောက်နေပါတော့တယ်။

အိမ်ရှင်မိသားစုကလေးဖြစ်တဲ့ အဖေရယ်၊ အမေရယ်၊ ကျွန်တော်ရယ်ကတော့ တို့ကနန်း ဆိတ်



ကနန်းလောက်သာ စားဖြစ်ခဲ့ပြီး ခံစားမှုတစ်မျိုးစီနဲ့ သူ့ကိုငေးကြည့်နေမိကြပါတယ်။

အဖေနဲ့ အမေကတော့ သူစားပုံကိုကြည့်ပြီးအားရနေကြပုံပါပဲ။

“စားသာ စားနော်၊ အားမနာနဲ့”

လို့ ပါးစပ်က တဖွဖွပြောကြတယ်။ ဟင်းတွေ၊ ထမင်းတွေကိုလည်း ပန်းကန်ထဲပြည့်မောက်နေအောင် မပြတ်တမ်း ထည့်ပေးကြတယ်။

ကျွန်တော့်ဘဝမှာ ဒီလောက်စားနိုင်တဲ့လူမျိုး တစ်ခါမှ မတွေ့ခဲ့ဖူးပါဘူး။ တစ်ပန်းကန်ပြီး တစ်ပန်းကန် အဆက်မပြတ်စားလိုက်တာဟာ ဒီနေ့ချက်ထားသမျှတွေ ကုန်လောက်အောင်ပါပဲ။

ကြည့်ရတာ ငတ်နေတာတော်တော်ကြာပြီထင်ပါရဲ့။ ကျွန်တော်·သူ့ကို မဝံ့မရဲကြည့်ရင်း တွေးမိတယ်။

သူ စားလို့ ဝလောက်ချိန်မှ အဖေက စကားစပြောပါတယ်။

“အတော့်ကို ခရီးကြမ်းနှင်လာခဲ့ရတယ်နဲ့ တူ

www.burmeseclassic.com

www.burmeseclassic.com



တယ်၊ ဘယ်အရပ်ကများ လာခဲ့ရတာပါလဲ”

သူက အဖေ့ဘက် တစ်ချက်မော့ကြည့်လိုက်ပြီး ထမင်းဝိုင်းဆီ ခေါင်းပြန်ငုံ့သွားတယ်။ ပြီးမှ မပွင့်တပွင့်နဲ့ …

“အောက်အရပ်ဆီက လာခဲ့တာပါ”

လို့ မပြည့်မစုံ အဖြေပေးတယ်။ ကျွန်တော့်စိတ်ထဲ ဒိုင်းကနဲဖြစ်သွားပြီး ဟိုတစ်နေ့က အဖေတို့ပြောနေကြတဲ့ စကားတစ်ခွန်းတစ်စကို ပြန်ကြားယောင်သွားမိခဲ့ပါတယ်။

“အခုဆို တို့အထက်မြန်မာပြည်မှာက အရှင်သခင် သီပေါဘုရင်ပါတော်မူစ ဗရုတ်ဗရက်ကာလမို့ အောက်အရပ်ဆီက လူဆိုး၊ သူခိုးတွေ ဒီဘက်ပိုင်း ပြေးလာကြတယ်လို့ သတင်းကြားတယ်၊ သတိဝီရိယနဲ့နေမှ တန်ကာကျမယ်”

လို့ အဖေတို့ ရွာမိရွာဖတွေချင်း တိုင်ပင်နေကြတာပါ။

မဟုတ်မှလွဲရော။



ညှော်သည်လူကြီးဟာ လူဆိုးကြီးတစ်ယောက်များ ဖြစ်နေမလား?

သူထွက်လာတာကလည်း အောက်အရပ်ဆီကဆိုတော့လေ။

ကိုယ့်အတွေးနဲ့ကိုယ် ပိုလန့်သွားပြီး ဧည့်သည်လူကြီးဆီ အကဲခတ်သလို တစ်ချက်လှမ်းကြည့်လိုက်မိတယ်။

မုတ်ဆိတ်မွေး၊ နှုတ်ခမ်းမွေးတွေ ဗရပွနဲ့ သူ့ပုံစံဟာ လူဆိုး၊ လူမိုက်လို့ ယူဆမယ်ဆိုလဲ ယူဆစရာပါပဲ။

အထူးသဖြင့် သူ့ရဲ့မာကျောအေးစက်လွန်းလှတဲ့ မျက်လုံးတွေပါ။ သွေးအေးအေးနဲ့ ရက်စက်တတ်သူတစ်ယောက်ဖြစ်မှန်း သူ့မျက်လုံးတွေက အထင်အရှား ဖော်ပြနေပါတယ်။

အဖေကတော့ ဘာကိုမှ သံသယဝင်ဖို့ သတိမရသလိုပါပဲ။ သူ့ထူးခြားမှုတွေကို ဂရုထားမိပုံမရဘဲ စိတ်အေးလက်အေး စကားဆက်ပြောနေတယ်။

“အောက်အရပ်ဆီမှာရော အေးအေးချမ်းချမ်း

www.burmeseclassic.com

www.burmeseclassic.com



ရှိရဲ့လား”

“ရှိပါတယ် ခင်ဗျ၊ ဒီလိုပါပဲ”

“ကံကောင်းတာပေါ့ကွယ်၊ တို့များဆီမှာတော့ အရှင်သခင်ပါတော်မူပြီး မင်းမဲ့တိုင်းပြည်ဖြစ်ကတည်းက နေ့တထိတ်ထိတ် ညတလန့်လန့် ဆိုသလို နေရတော့တာပဲ၊ ကောလဟာလတွေလည်း အစုံပဲကြားရတယ်၊ ကုလားဖြူတွေက ထောင်ကြီးကို ဖွင့်ပေးလိုက်လို့ဆိုလား၊ ရပ်ထဲရွာထဲမှာ ရာဇဝတ်သားတွေ ဝင်သောင်းကျန်းနေသတဲ့၊ ဒီဘက်ပိုင်းမှာ အုပ်ချုပ်မှု လျော့ရဲတယ် ကြားလို့လဲ အောက်ပိုင်းက လူဆိုးသူခိုးတွေ ဆင်းလာကြသတဲ့၊ အို အစုံပါပဲကွယ်”

အဖေရဲ့ နောက်ဆုံးစကားအရောက်မှာတော့ ညှိသည်လူကြီးရဲ့မျက်နှာ ကွက်ကနဲတစ်ချက် ပျက်သွားသလိုပါပဲ။

အဖေကတော့ သတိပြုလိုက်မိပုံမရဘူး။ စကားဆက်ပြောမယ့်ပြင်စဉ်မှာ အမေက ...



“ကဲပါ၊ ကိုရင်ကလည်း ဟိုမှာ စားစရာရှိတာ ဆက်စားပါစေဦး”

လို့ လှမ်းဟန့်လိုက်တာကြောင့်သာ စကားစပြတ်သွားရတယ်။

“ရပါတယ်ခင်ဗျ၊ ကျွန်တော် စားလို့ပြီးပါပြီ”

“ဒါနဲ့ ရှင့်နာမည်ကရော ဘယ်လိုခေါ်သလဲ”

အမေက ရုတ်တရက် မေးလိုက်တဲ့အခါ ညှိသည်ဟာ အဖြေရခက်သလို နှုတ်ဆွံ့သွားတယ်။

“ဟင်”

လို့ မကြားလိုက်သလိုလို အာမေဋိတ်ပြုတာကြောင့် အဖေကပါ ဝင်ပြီး ပြောလာတယ်။

“မောင်ရင့်နာမည်ကို မေးတာလေ၊ ဘယ်လိုခေါ်သလဲလို့”

ညှိသည်ဟာ ခဏတာ နှုတ်ဆိတ်သွားတယ်။ သူကြည့်ရတာ အဖြေရခက်တဲ့မေးခွန်းကို ကြားလိုက်ရသလိုပါပဲ။

နာမည်ကိုမေးတဲ့ဟာ ဘာကြောင့်ထစ်ငေါ့သွား

www.burmeseclassic.com

www.burmeseclassic.com



ရပါလိမ့်လို့ ကျွန်တော်တော့ တွေးလို့မရဘူး။

သူ ဟိုဟိုဒီဒီ တစ်ချက်လှမ်းကြည့်လိုက်ပြီးမှ နောက်ဖေးမီးဖိုဘက်ဆီအရောက်မှာ မျက်ခုံးတစ်ချက်ပင့်သွားတယ်။

"အင်း ... ကျွန်တော့်မှာမည်က **မီးတောက်**တဲ့"



[၂]

နောက်ပိုင်း ပြန်စဉ်းစားကြည့်တော့ ကျွန်တော်တို့အိမ်မှာ မီးတောက် နေဖြစ်သွားခဲ့တာဟာ ရာသီဥတုရယ်၊ ကျွန်တော့်မိဘတွေရဲ့ သဘောကောင်း ဖော်ရွေလွန်းပြီး ခင်မင်တွယ်တာတတ်တဲ့ စိတ်ရယ်၊ နောက်ပြီး မမျှော်လင့်တဲ့ အဖြစ်အပျက်နှစ်ခုရယ်ကြောင့်ပါ။

ဒုတိယအဖြစ်အပျက်မှာဆို ကျွန်တော် ကိုယ်တိုင် အခိကကျတဲ့နေရာက ပါဝင်ခဲ့ရပါတယ်။

ပထမအဖြစ်အပျက်ကတော့ ရိုးရိုးစင်းစင်းပါပဲ။ ဒါပေမဲ့ အဲဒီတုန်းက ရဲရင့်တဲ့ ကျွန်တော့်အမေရော၊ ထက်မြက်တဲ့ ကျွန်တော့်အမေပါ။

www.burmeseclassic.com

www.burmeseclassic.com



မီးတောက်ကို တော်တော်လေး ရှိန်သွားခဲ့တယ်။

တစ်နေ့ ကျွန်တော်တို့ဆီကို လယ်ယာသုံး ပစ္စည်းတွေရောင်းတဲ့သူ ရောက်လာခဲ့တယ်။ ကျွန်တော်တို့ရွာမှာ ပန်းပဲဖို မရှိတော့ မြို့က ပန်းပဲဖိုကနေ ထယ်သွား၊ တံစဉ်တွေလို သံထည်ပစ္စည်းတွေကို မြို့မှာ သွားသွားဝယ်ရတယ်။ နောက်ပိုင်း အဲဒီပစ္စည်းတွေကို ရွာအထိ လာရောင်းတဲ့လူရှိတော့ မြို့ကိုမသွားဘဲ ဈေးသည်ဆီကပဲ ဝယ်ကြတော့တယ်။

သူ့ဆီမှာ အကြွေးဝယ်လို့လည်းရတယ်။ လက်ငင်းမတတ်နိုင်သူတွေအဖို့ စပါးပေါ်ချိန်မှ ပေးလည်းရတာပေါ့။ ဒါပေမဲ့ စပါးပေးဝယ်ရင် လုံးချင်းတိုးပေးရတယ်။ လုံးချင်းတိုးဆိုတာ စပါးတစ်တင်းဖိုး ယူထားရင် အကြွေးပေးတဲ့အချိန် နှစ်တင်းပေးရတာလေ။

ဒါပေမဲ့ ရွာကလူတွေက အတိုးတွေ မတန်တဆ တောင်းတဲ့ဈေးသည်ကို အမြဲမျှော်နေကြတာပါပဲ။ ရွာမှာ မရနိုင်တဲ့ ပစ္စည်းတွေ သူ့ကို မှာလို့ရတာကိုး။



ဘာကြောင့်လဲတော့ မသိဘူး။ အဲဒီဈေးသည်ကြီးကို ကျွန်တော် သဘောမတွေ့လှပါ။ ဈေးသည်ကြီးဟာ အကောင်သေးသေးနဲ့ တကယ့် လူ့ဗလံကလေး။ ဒါပေမဲ့ သူဟာ မျက်နှာချိုသွေးလွန်းတယ်လို့ ကျွန်တော်ထင်တယ်။ အရမ်းပြုံးပြီး မျက်နှာချိုသွေးလွန်းတဲ့အတွက် အမြင်ကပ်စရာကောင်းလှတယ်လို့ ခံစားရတယ်။

ပစ္စည်းတွေ သယ်ဆောင်လာတဲ့ သူ့လှည်းကို ကျွန်တော်တို့ အိမ်ရှေ့မှာ ရပ်လိုက်ပြီး နွားတွေဖြုတ်၊ စားကျက်ထဲ မောင်းလွှတ်လိုက်တော့တယ်။

"ခင်ဗျားမှာတဲ့ပစ္စည်းတွေ ဒီမှာလေ"

လို့ အော်ရင်း အိမ်ရှေ့ကို လျှောက်လာတယ်။ အဖေက တဲပေါ်ကဆင်းပြီး သူ့ကို သွားနှုတ်ဆက်လိုက်တယ်။ လှည်းပေါ်က ဂုန်နီအိတ်တွေနဲ့ ပတ်ထားတဲ့ ထယ်သွားကို ကြည့်ရင်း ...

"ဟုတ်တယ်ဗျို့၊ ကျုပ်လိုချင်တာ ဒါမျိုးပဲ"

လို့ အဖေ ပြောလိုက်တဲ့အခါ ဈေးသည်ကြီးရဲ့ မျက်နှာမှာ လောဘအရောင်တွေ လျှမ်းတက်သွားပြီး

www.burmeseclassic.com

www.burmeseclassic.com



"ကျူပ် အကောင်းဆုံး ဝယ်လာတာဗျ"

လို့ ပြောလိုက်ပါတယ်။ အဖေက ထယ်သွားကို ကိုင်ကြည့်ရင်း ...

"အင်း ... ခင်ဗျား ဝယ်လာတာ မှန်ပါတယ်၊ ဒါပေမဲ့ အကောင်းဆုံး ဝယ်လာတာလို့ ခင်ဗျား ပြောရင်တော့ ထုံးစံအတိုင်း အတိုးကြီး ပေးရမှာပဲ ဆိုပါတော့လေ"

"ဟုတ်တယ်လေ၊ ခင်ဗျားကို ကျူပ် ပြောသွားတာထက် အများကြီး ဈေးပိုနေတယ်၊ ဒီလောက်ကောင်းတဲ့ဟာ၊ ကဲပါ ... ကိုယ့်ဖောက်သည်ပဲ၊ အရှုံးခံရောင်းရတာပေါ့၊ နှစ်ကျပ်ပဲ ပေး"

အဖေမှာ လက်ထဲက ထယ်သွား လွှတ်ကျသွားမတတ် တွန့်ဆုတ်သွားတော့တယ်။

"ဒီလိုဟာမျိုး မြို့က နာမည်ကြီး ပန်းပဲမှာ တွေ့ခဲ့တယ်၊ ရောင်းဈေးက ငါးမူးထဲပါ"

တစ်ချိန်လုံး နွားတင်းကုတ်အဝင်ဝမှာ သစ်သားစည်ပိုင်းကို ခပ်မှိန်မှိန်ရပ်နေတဲ့ မီးဖောက်ရဲ့အသံက ပီပီသသ ထွက်ပေါ်လာတော့တယ်။ ကျွန်တော်ရော အဖေပါ မီးတောက်မျက်နှာကို တအံ့တဩ လှမ်းကြည့်လိုက်မိတယ်။ မီးတောက်ကတော့ အေးအေးဆေးဆေးပါပဲ။



သူ့မျက်နှာက ဘာမှထူးခြားမနေသလို နောက်ပြောင် ပြောဆိုဟန်လည်း မရှိပါဘူး။

ဈေးသည်ကြီးမှာ မျက်နှာတစ်ခုလုံး ရဲရဲနီနေပြီး အပေါ်ယံ ဟန်ဆောင်ပြုံးတွေလည်း ကြက်ပျောက်ငှက်ပျောက် ပျောက်ကုန်ပါပြီ။ ဒေါသကြောင့် တုန်ရီနေတဲ့ အသံနဲ့ ...

"ဒီကိစ္စမှာ မင်းကို ဘယ်သူက မေးလို့လဲ"

လို့ ခပ်ငေါက်ငေါက် မေးလိုက်ပါတယ်။

"မမေးပါဘူး၊ ဘယ်သူမှ မမေးပါဘူးဗျာ"

မီးတောက်က ခပ်အေးအေးပြန်ပြောရင်း သစ်သားစည်ပိုင်းကို လျော့ရဲရဲ မှီထိုင်ချလိုက်ပါတယ်။ နောက်ထပ် ဘာမှမပြောဘဲ ဈေးသည်ကြီးကို ခပ်စူးစူးကြည့်နေလိုက်တယ်။ ဈေးသည်က မီးတောက်ရဲ့ အကြည့်ကို မသိကျိုးကျွန်ပြုရင်း အဖေ့ဖက်သို့ လှည့်ကာ ...

www.burmeseclassic.com

www.burmeseclassic.com



"သူပြောတာ မေ့ပစ်လိုက်စမ်းပါ၊ ကျုပ် သူ့ကို ကောင်းကောင်းသိတာပေါ့၊ ရွာစဉ် လျှောက်နေတဲ့ အလေအလွင့်တစ်ဦးပါ၊ အဲဒီလိုလူကို ခင်ဗျားက လက်ခံထားတာ အံ့သြပါရဲ့ ..."

ပြီးတော့ ဆက်ပြောသေးတယ်။

"သူတွေ့ခဲ့တဲ့ ငါးမူးတံနက ဒါမျိုးမဖြစ်နိုင်ပါဘူး၊ တစ်ခုခုနဲ့လွဲပြီး မှတ်ထားမိတယ်ထင်ပါ့"

လို့ မလုံမလဲ ဆက်ပြောပြီး အဖေ့မျက်နှာကို အကဲခတ်သလို ကြည့်လိုက်တယ်။ အဖေက ဈေးသည်ကြီးကိုသာ ကြည့်နေပြီး တစ်ခွန်းမှ မပြောပေ။

ဈေးသည်က ...

"ဒီမှာ ကိုအောင်ဒွန်း ... ခင်ဗျားက ဘယ်သူမှ မကြားအောင် ကျုပ်ကို လှမ်းဖိမ်လို့ ခေါ်လိုက်တာလား၊ သူပြောတဲ့စကားကို ယုံလား၊ ဒီကောင့်မုံစံကို ကြည့်စမ်း၊ သူ့ရုပ်က ... အဟွတ် ... ဟွတ် ..."

ဈေးသည်ကြီးက ပြောရင်း ချောင်းဆိုးပြီး



စကားရပ်သွားသလို သူ့မျက်လုံးတွေ ပြူးကျယ်လာပြီး ကြောက်ရွံ့ထိတ်လန့်တဲ့အသွင် ဖြစ်လာတော့တယ်။

ဒါကြောင့် ကျွန်တော် မီးတောက်ကို လှမ်းကြည့်မိလိုက်တယ်။ မီးတောက်ဟာ သစ်သားစည်ပိုင်းကို မှီမနေတော့ဘဲ ကိုယ်ကို ခပ်မတ်မတ်ရပ်ရင်း ဈေးသည်ကို စားမတတ် ဝါးမတတ် စူးစိုက်ကြည့်နေလေရဲ့။

မီးတောက်ရဲ့ မျက်လုံးက အရောင်တွေကို ကြည့်လိုက်တာနဲ့ ဒေါသအရှိန်းထွက်နေပြီဆိုတာ ပြောစရာ မလိုလောက်အောင်ပါပဲ။ အဖေနဲ့ ဈေးသည်ကြီးဟာ ဘာပြောရမှန်းမသိ တိတ်ဆိတ်နေသလို မီးဖိုချောင်ဝ၊မှာ ရပ်နေတဲ့ အမေလည်း ပါးစပ်အဟောင်းသားနဲ့ စိုက်ကြည့်နေကြတယ်။ ဒီအချိန်မှာ အဖေသာ တစ်ခုခုဝင်မပြောဘူးဆိုရင် ဈေးသည်ကို မီးတောက်တစ်ခုခု လုပ်တော့မယ်ဆိုတာ ကျွန်တော် သိလိုက်ရသလိုပါပဲ။

"ဟုတ်တယ် ... သူက ငါ့ညည့်သည်ပဲ၊ ငါခေါ်ထားတာ၊ သူ့စကားကို ငါ လက်ခံရမှာပဲ"

အဖေ့စကားကြောင့် မီးတောက်မျက်လုံးအရို

www.burmeseclassic.com

www.burmeseclassic.com



ဟာ ဈေးသည်ကြီးဆီမှ တဖြည်းဖြည်း လမ်းပြောင်းပြီး နူးညံ့ပျော့ပျောင်းလာတာကို တွေ့လိုက်ရတယ်။

အဖေဟာ လယ်ကွင်းတွေဘက်ကို လှမ်းကြည့်ရင်းမှ ...

"ငါးမူးက ဒီပစ္စည်းတန်ဖိုးပဲ၊ အမြတ်ကို ငါးမူးပဲ ထားဦး၊ တစ်ကျပ်ဆို သင့်ပါပြီ၊ ကဲ ... တစ်ကျပ်ပေးမယ်၊ မရောင်းနိုင်ရင်လည်း မတတ်နိုင်ဘူး"

ဈေးသည်ကြီးဟာ မျက်နှာကွက်ခနဲပျက်သွားပေမယ့် ဘာမှမတတ်နိုင်တော့ဘဲ ...

"ဘယ်မလဲ ... ပိုက်ဆံ"

လို့ မေးလိုက်ပါတယ်။ အဖေက ...

"ထုံးစံအတိုင်း စပါးပေါ်မှ ယူပေါ့ဗျာ"

လို့ ပြောလိုက်တော့ ဈေးသည်ကြီးဟာ ဘာမှမပြောတော့ဘဲ လှမ်းပေါ်က ထယ်သွားကို ကူချပေးပြီး ချက်ချင်း နွားတွေတပ်ပြီး လှည်းပေါ် ခုန်တက်ကာ မောင်းထွက်သွားတော့တယ်။



အဲဒီအချိန်မှာ မီးတောက်မှာ ပေါက်ဆိန်တစ်လက်ကို ကိုင်ရင်း ကျွန်တော့်အနားသို့ ရောက်လာတယ်။ ပြီးတော့ အိမ်ခေါင်းရင်း သစ်ငုတ်တိုဆီသို့ တန်းတန်းမတ်မတ် လျှောက်သွားပြီး ပေါက်ဆိန်နဲ့ တအားကုန် လွှဲပေါက်ချလိုက်တော့တယ်။

[illegible]

www.burmeseclassic.com



[၃]

မိုးလင်းတယ်ဆိုရင်ပဲ ကျွန်တော် မီးတောက်ကို ပထမဦးဆုံး ရှာမိတော့တာပဲ။ မီးတောက်ကို အဖေနဲ့ အမေက တော်တော်လေး လိုက်လျောဆက်ဆံပေမယ့် သူကတော့ ပိုမှန်ပါပဲ။

ထမင်းစားချိန် ခဏတဖြုတ်လောက်ပဲ အိမ်ပေါ်ကို လာပြီး အချိန်ပြည့် နွားတင်းကုပ်နဲ့ သူမြင်းထားတဲ့ မြင်းဇောင်းမှာပဲ အနေများတယ်။

တစ်ချိန် … သူ့အလစ်မှာတော့ …

ကျွန်တော် မြင်းဇောင်းထဲကို မယောင်မလည် ဝင်လာခဲ့ပြီး မြင်းကုန်းနှီးထားတဲ့ အထုပ်ကြီးထဲမှာ ဘာ



တွေရှိနေသလဲ ဆိုတာ သိချင်ဇောနဲ့ မြက်ခြောက်တွေ အောက်ကနေ ဆွဲထုတ်ကြည့်လိုက်တယ်။

ဒီအထုပ်ကြီးကို ကျွန်တော် စိတ်ဝင်စားနေတာ ကြာပြီ။ မီးတောက်ဟာ သူယူလာတဲ့ အထုပ်ကြီးကို မြင်းဇောင်းထဲမှာပဲ ထားတယ်။ အဲဒီထဲက ဘာမှထုတ်တာလည်း မတွေ့ဘူး။

မြင်းကုန်းနှီးနဲ့ လိပ်ထားတဲ့ အရာကတော့ တခြားမဟုတ်ဘူး။ အလွန်ကြီးမားတဲ့ ဓားကြီးတစ်လက်ပါပဲ။

ကျွန်တော့်အတွက် အဆမတန် ကြီးမားပေမယ့် အလွန်ပေါ့ပါးလှတယ်။ ဓားကြီးကို ဓားအိမ်ထဲက ဆွဲထုတ်လိုက်တယ်ဆိုရင်ပဲ ကျွန်တော့်စိတ်တွေ တော်တော်လေး လွင့်မြောက်တက်ကြွသွားတော့တယ်။

ဓားကြီးကို ဟန်ပါပါနဲ့ ဟိုဝှေ့သည်ယမ်း လုပ်ကြည့်ရတာကို ကျွန်တော် အတော်သဘောကျသွားမိတယ်။ ကျွန်တော့်ကိုယ် ကျွန်တော်လည်း တကယ့်သူရဲကောင်းကြီးတစ်ယောက်လို စိတ်ကြီးဝင်သွားတယ်။

www.burmeseclassic.com

www.burmeseclassic.com



အဲဒီအချိန်မှာပဲ ခြံထဲကို လှည်းတစ်စီး မောင်းဝင်လာတဲ့အသံကို ကျွန်တော်ကြားလိုက်ရတယ်။

တစ်ချက်တစ်ချက် နွားကို ခေါက်ငမ်းလိုက်တဲ့ အသံကြောင့် ကျွန်တော် ဆတ်ခနဲ တုန်သွားမိတယ်။ အဲဒါ မီးတောက်ရဲ့အသံပါပဲ။ လယ်ကွင်းထဲကို အဖေနဲ့အတူ ကောက်လှိုင်းတွေ သွားသယ်ရာက ပြန်လာတာပဲ ဖြစ်မှာ။

တကျွတ်ကျွတ်နဲ့ နွားကို စုတ်သပ်ချော့ရင်း လှည်းတွေဖြုတ်ပြီးတာနဲ့ နွားတင်းကုပ်ထဲကို သူ ဝင်လာတော့မှာ ကျွန်တော် သိလိုက်တယ်။

အဲဒီအချိန်အထိ ကျွန်တော့်လက်ထဲက ဓားကို နေရာတကျ ပြန်မထားရသေးဘဲ ကိုင်ထားတုန်း။ နောက်ဆုံး ကျွန်တော် နွားတင်းကုပ် ဘေးပေါက် နွားချေးစွန့်ဖို့ လုပ်ထားတဲ့အပေါက်ကနေ ဓားကိုကိုင်ရင်း တိုးထွက်ခဲ့တယ်။

ကျွန်တော် အဲဒီဓားကြီးကို ပြန်ထားခဲ့ရင် ရရဲ့သားနဲ့ လက်က မချချင်တာနဲ့ အိမ်နောက်ဖေး ကောက်



ရိုးပုံအထိ ယူလာလိုက်တယ်။ အိမ်ထဲက ...

"နီတွတ် ရေ ..."

ဆိုတဲ့ အမေ့ ခေါ်သံသာ မကြားရင် တစ်နေကုန် ကောက်ရိုးပုံဘေးမှာ ဓားကြီးကို မက်မက်မောမော ကိုင်နေဦးမှာပါပဲ။

နောက်တော့ ကျွန်တော် ဓားကို ကောက်ရိုးပုံထဲကို အသာထိုးထည့်ပြီး အိမ်ကို ဟန်မပျက် ပြန်လာခဲ့တယ်။

အိမ်ရှေ့ ကွပ်ပျစ်မှာ အမေနဲ့အတူ ရေနွေးသောက်နေတဲ့ မီးတောက်ရဲ့မျက်နှာကို ကျွန်တော် မသိမသာ လှမ်းကြည့်လိုက်တော့ သူ့ပုံစံက ဘာမှမသိသလိုပုံမှန်ပါပဲ။ ကျွန်တော် နည်းနည်းတော့ စိတ်အေးသွားရတယ်လေ။

"ကျွန်တော် ... မနက်ဖြန်ပြန်တော့မယ်၊ ခရီးဆက်စရာ ရှိသေးလို့"

ဆိုတဲ့စကားကြောင့် အဖေရော၊ အမေရော မျက်နှာပျက်သွားကြတယ်။

www.burmeseclassic.com

www.burmeseclassic.com



ကျွန်တော်ကတော့ ပိုပြီးဝမ်းနည်းသွားမိတယ်။

ဘာလို့လဲ မသိဘူး။ တွေ့တာမကြာလှသေးပေမယ့် မီးတောက်ကို ကျွန်တော်တော်တော် ခင်တွယ်နေမိတယ်။ ဒါပေမယ့် သူ့ကို ကျွန်တော် ရှုံ့တွန့်တွန့်တော့ ဖြစ်မိသေးတယ်။

သူဟာ ကျွန်တော့ ပတ်ဝန်းကျင်မှာ မြင်ဖူးနေကျ ဘယ်လိုလူမျိုးနဲ့မှ မတူဘူး။ သိပ်ခြားနားလွန်းသလိုသိပ်လည်း အင်အားကောင်းလွန်းတယ်လို့ ထင်မိတယ်။

သူ့မျက်နှာဟာ ဒေါသမထွက်ဘဲ အေးအေးဆေးဆေးနေတာတောင်မှ အေးစက်ခက်ထန်လွန်းသလိုပဲ။

"မပြန်ပါနဲ့ဦးလား မောင်ရင်ရယ်၊ ကျုပ်တို့အိမ်မှာ မောင်ရင် ပျော်သလောက်နေဖို့ ပြောပြီးသားပဲ"

"ဟုတ်ပါတယ်၊ ရှင့်မှာ အရေးကြီးကိစ္စမရှိဘူးဆိုရင် အေးအေးဆေးဆေးနေပါဦးလား"

အဖေနဲ့ အမေ့ရဲ့စကားကြောင့် သူ ခပ်တွေတွေဖြစ်သွားတာမို့ ကျွန်တော် လိုက်ခနဲဝမ်းသာသွားရတယ်။



ဒါပေမဲ့ ...

"ကျွန်တော်က ဘယ်အရပ်ဒေသမှာမှ ကြာကြာနေလေ့ မရှိဘူး။ ဒီလိုပဲ မြင်းတစ်ကောင်နဲ့ ခရီးလှည့်လည်သွားနေတာ၊ အဲဒီဘဝကို ကျွန်တော် သိပ်မြတ်နိုးတယ်"

သူ့ရဲ့ အေးစက်စက်စကားကြောင့် ကျွန်တော် စိတ်လှုပ်ရှားသွားရပြန်တယ်။ ရင်ထဲကနေ တိုးတိုးလေး မီးတောက်ဆိုတဲ့ လူကြီး မပြန်ပါစေနဲ့လို့ ဆုတောင်းရင်း အဖေနဲ့ အမေကိုလည်း သူ မပြန်နိုင်အောင် အတင်းတားကြပါစေလို့ ကြိတ်မျှော်လင့်နေမိတယ်။

ဒါပေမဲ့ အဖေနဲ့ အမေဟာ သူ့ကို အတင်းအကြပ် မတားကြဘူး။ သူထွက်သွားမှာကို စိတ်မကောင်း ဖြစ်ရုံကလွဲပြီး ဘာမှမတတ်နိုင်တဲ့ပုံမျိုးနဲ့ ငေးကြည့်နေလေရဲ့။ ကျွန်တော့်မှာသာ နေမထိ ထိုင်မသာ ဖြစ်နေရတာပေါ့။

မီးတောက်ဟာ ညစာကို အိမ်ပေါ်မှာ တိတ်တိတ်ဆိတ်ဆိတ်ပဲ လာစားပြီး နွားတင်းကုပ်ထဲကို ဆင်း

www.burmeseclassic.com

www.burmeseclassic.com



သွားတယ်။ အဖေနဲ့ အမေကိုလည်း စကားသိပ်မပြောဘူး။

ဒီလိုနဲ့ပဲ မိုးချုပ်သွားတယ်။ ကျွန်တော်လည်း စိတ်တထင့်ထင့်နဲ့ပဲ အမှေ့ရင်ခွင်ထဲမှာ အိပ်မောကျသွားရတယ်။

✸



ညခင်း သန်းခေါင်းကျော်လောက်မှာ ကျွန်တော် တရေးနိုးလာတယ်။

အဲဒီအချိန်မှာ အိမ်ရှေ့မှာ လမ်းလျှောက်သံလို ကောက်ရိုးတွေ နင်းတဲ့ တရှဲရှဲအသံတွေကို ကြားလိုက်ရတယ်။ ဟုတ်တယ်။ လူတစ်ယောက်ရဲ့ ခြေသံပဲ။ ခပ်မြန်မြန်လျှောက်နေတာလည်း မဟုတ်၊ ချွတ်နင်းပြီး သွားနေတာမျိုးလည်း မဟုတ်တဲ့ ဖြည်းဖြည်းချင်း လျှောက်နေတာမျိုး။

တစ္ဆေသရဲများလားလို့ တွေးရင်း ကျွန်တော့် အဖေနဲ့ အမေကြားမှာ ဟိုဘက်လိမ့်၊ သည်ဘက်လိမ့်နဲ့

www.burmeseclassic.com

www.burmeseclassic.com



ဂဏှာမငြိမ် ဖြစ်နေမိတော့တယ်။

ကြောက်နေတာလည်း မဟုတ်ဘဲ စိတ်လှုပ်ရှားနေခြင်းသာ။ အဲဒီအချိန်မှာ ဆတ်ခနဲ ခေါင်းထောင်လိုက်တဲ့ အဖေ့အရိပ်ကို ကျွန်တော် တွေ့လိုက်ရတယ်။ ကျွန်တော်လည်း အဖေ့နည်းတူ ခေါင်းထောင်ကြည့်လိုက်တယ်။ အဖေက ကျွန်တော့်ကို ငြိမ်ငြိမ်နေဆိုတဲ့ သဘောနဲ့ ကျွန်တော့်ဝခုံးကို ခပ်ဖိဖိ ပြန်ကိုင်ထားလိုက်တယ်။

ပြီးတော့ အဖေ အိပ်ရာထဲက ရုတ်တရက်ထွက်လိုက်ပြီး အိမ်ရှေ့ပြတင်းပေါက်ကနေ ဝုန်းခနဲ ခုန်ချလိုက်သံကို ကြားလိုက်ရတော့တယ်။

"ဟေ့ ... ဘယ်သူလဲ၊ ရပ်စမ်း"

အဖေ့ရဲ့အသံဟာ ခပ်အုပ်အုပ်ပေမယ့် တိတ်ဆိတ်နေတဲ့ ညအချိန်မို့ အတော်လေးကျယ်လောင်သွားပါတယ်။

နောက် ရုန်းရင်းဆန်ခတ်ဖြစ်နေတဲ့ အသံတွေကို ကြားရတယ်။ ခဏအကြာမှာ အမေပါ လန့်နိုးပြီး ခြင်ထောင်ထဲက လိုက်ထွက်တော့ ကျွန်တော်လည်း





အိမ်ရှေ့ကို ဆင်းလိုက်ခဲ့ပါတယ်။

အိမ်ရှေ့တံစက်မြိတ်အစွန်းမှာ ဓားရှည် တစ်လက်ကိုင်ပြီး ရပ်နေတဲ့ အဖေရယ်၊ အဖေ့ကို ကျောခိုင်းပြီး ရပ်နေတဲ့လူတစ်ယောက်ရယ်ကို တွေ့လိုက်ရတယ်။

"ကျွန်တော်ပါ ..."

ဆိုတဲ့ အေးစက်တည်ငြိမ်တဲ့အသံကြောင့် အဖေနဲ့ အမေဟာ တစ်ယောက်မျက်နှာ တစ်ယောက် ပြိုင်တူလှမ်းကြည့်လိုက်မိကြတယ်။

မီးတင်လိုက်တဲ့ အမေ့လက်ထဲက မှန်အိမ်အလင်းရောင်မှာ တွေ့လိုက်ရတာတော့ ...

မီးတောက် ပါပဲ။

ကျွန်တော် တစ်ကိုယ်လုံးကြက်သီးတွေ ထသွားရပြီး အမေ့နားကို အတင်းတိုးကပ်လိုက်မိတယ်။

အဖေရော အမေရော နားမလည်နိုင်သလို ဖြစ်နေကြပါတယ်။

"ရှင် ... သူ့ကို ဓားနဲ့ခုတ်မိသွားသေးလား"

အမေက စိုးရိမ်တကြီး မေးလိုက်တော့ အဖေ

www.burmeseclassic.com

www.burmeseclassic.com



သက်ပြင်းချရင်း ခေါင်းယမ်းပြပါတယ်။ အဖေ သူ့ကို စားနဲ့ မခုတ်လိုက်မိပါဘူး။ ဒါပေမဲ့ အမေ့အကျီတော့ စုတ်ပြဲသွားတယ်။ အဲဒါ မီးတောက်လုပ်တာပဲ ဖြစ်မှာလို့ တွေးလိုက်မိတယ်။

"အချိန်မတော်ကြီး ... ဘာထလုပ်တာလဲ ကွယ်၊ တော်ကြာ ..."

"ကျွန်တော့်စား ပျောက်သွားလို့"

အမေ စကားမဆုံးခင် ဖြတ်ပြောလိုက်တဲ့ သူ့ရဲ့ ခပ်မာမာအသံကြောင့် အဖေနဲ့ အမေ မျက်စိမျက်နှာ ပျက်သွားကြတော့တယ်။ သူက အမေရဲ့ စုတ်ပြဲသွားတဲ့ အကျီစကို ကြည့်ရင်း ...

"ကျွန်တော် တောင်းပန်ပါတယ်၊ ညီ့သည် တစ်ယောက်ရဲ့ ပစ္စည်းပျောက်သွားတယ်ဆိုရင် ခင်ဗျားတို့ စိတ်ကောင်းမှာမဟုတ်ဘူးလေ၊ ဒါ ကြောင့် ..."

သူ့စကားကို တစ်ဝက်မှာပဲ ရပ်လိုက်ပြီး အကျီ ပြဲနေတဲ့နေရာက ပေါ်နေတဲ့ အမေ့လက်မောင်းက အမာ



ရွတ်ကို ကြည့်လိုက်ပါတယ်။ ပြီးမှ ...

"ခင်ဗျားလက်က ဒဏ်ရာက ဘာဖြစ်ခဲ့တာ လဲ"

လို့ ကောက်ခါငင်ခါ မေးလိုက်တယ်။ အမေက သူ့လက်မောင်းရင်းကို တစ်ချက်ငဲ့ကြည့်ပြီး ...

"အရင်က ကျုပ်အိမ်မှာ သူရင်းငှားလုပ်တဲ့ လူတစ်ယောက်ရှိတယ်၊ သူက ကျုပ်နဲ့ ခွေမျိုး မကင်းပါဘူး၊ တစ်နေ့ညမှာတော့ ကျုပ်နွားကို ခိုးဖို့ လုပ်နေတာ ကျုပ် မိလိုက်တယ်၊ အဲဒီ မှာ ကျုပ်ကို ဓားနဲ့တွက်ပြီး ထွက်ပြေးသွားတာ ယနေ့အထိ သူ့ကို မတွေ့ရတော့ဘူး"

မီးတောက်မျက်နှာဟာ ပြုံးရိပ်သန်းသွားတယ်။ စိတ်မသက်မသာ အပြုံးမျိုးလေ။ ပြီးတော့ သူက ပြန် ပြောတယ်။

"ဒီလိုအဖြစ်မျိုး ကြုံခဲ့တာတောင် ကျွန်တော့်ကို စိတ်ချယုံကြည်ထားသေးတယ်၊ အခုလည်း ကျွန်တော့်ကို မသင်္ကာစရာ အခြေအနေနဲ့ တွေ့

www.burmeseclassic.com



နေပြီ၊ ပြီးတော့ ခင်ဗျားပိုင်တဲ့ ပစ္စည်းတွေကို မခိုးနိုင်ဘူးလို့ ခင်ဗျား တထစ်ချ ယုံသလား"

အမေက ခေါင်းကို ခပ်လေးလေးရမ်းရင်း...

"တစ်ယောက် မကောင်းရုံနဲ့ အကုန်လုံးကို သံသယထားလို့ ဘယ်ဖြစ်မလဲ၊ သူက သူပဲ၊ မောင်ရင်က မောင်ရင်ပဲလေ..."

အမေ့စကားကြောင့် မိုးတောက်ဟာ အလွန် သဘောကျသွားတဲ့ပုံနဲ့ ပြုံးလိုက်ပြီး ...

"ကျွန်တော့်ကို ဘာလို့ ဒီမှာနေစေချင်တာလဲ"

"တို့အတွက် ညီတစ်ယောက်ရလိုက်သလိုပဲ"

"တို့အတွက် မောင်တစ်ယောက်ရလိုက်သလို ပဲ"

အမေနဲ့ အမရဲ့နှုတ်က အဲဒီစကားကို ပြိုင်တူ လိုလို ပြောထွက်သွားကြတယ်။ မိုးတောက်ရဲ့ မျက်နှာ တာ အရင်လို မှုန်တေတေရုပ်မျိုး မဟုတ်တော့ဘဲ အတော်လေး နူးညံ့ပျော့ပျောင်းလာတာ တွေ့ရပါတယ်။

အဲဒီညက ကျွန်တော်တို့ တစ်အိမ်သားလုံးဆက်



မအိပ်ဖြစ်ကြတော့ဘဲ မိုးတောက်နဲ့ တစ်ညလုံး စကား တွေ ထိုင်ပြောနေတာ မိုးကို စင်စင်လင်းရော။

အမေ ပြောနေတဲ့ လယ်တွေယာတွေနဲ့ စိုက်ပျိုး ရေးတွေအကြောင်းကို မိုးတောက်က စိတ်ပါလက်ပါနဲ့ နားထောင်နေခဲ့တယ်။

ပြီးတော့ ကျွန်တော် သူ့ကို အရင်ကလို သိပ် ပြီး မကြောက်ရွံ့တော့သလိုပဲ။

မိုးလင်းခါနီးတော့ သူကပြောပါတယ်။

"ကျွန်တော် ဒီမှာနေပါတော့မယ်လေ၊ အချိန် အတိုင်းအတာတစ်ခုအထိပေါ့"

တဲ့။ နောက်ဆုံး ကျွန်တော်တို့အားလုံး ရယ် မောလိုက်ကြတယ်။

www.burmeseclassic.com



[၄]

"ဓားကြီး ကျွန်တော်ယူထားတာပါ"

နောက်နေ့ နံနက်မှာပဲ ကျွန်တော်မီးတောက်ကို ဖွင့်ပြောဖြစ်ခဲ့ပါတယ်။

နောက်ဖေးကောက်ရိုးပုံအောက်မှာ ဝှက်ထားတဲ့ ဓားကို သွားယူပြီး ပြန်ပေးလိုက်တော့ အဖေနဲ့ အမေတောင် အံ့အားသင့်ကုန်ကြတယ်။

"ဒီကောင်လေးကတော့ ... လေ"

ဆိုပြီး အမေဟာ ဆူသလို ကြိမ်းသလို ရေရွတ်ပါတယ်။ ဓားကြီးကို ပေးရင်း ...

"ကျွန်တော့်ကို စိတ်မဆိုးပါနဲ့နော်"



လို့ မဝံ့မရဲပြောလိုက်တော့ မီးတောက်ဟာ သူ့ရဲ့ ကြီးမားကျယ်ပြန့်တဲ့ လက်ဝါးကြမ်းကြီးနဲ့ ကျွန်တော့်ပခုံးကို ခပ်ဆတ်ဆတ် ပုတ်ရင်း ...

"ရပါတယ်ကွာ ... မင်းကို ကျေးဇူးတောင် တင်ရဦးမယ်"

လို့ ပြောပါတယ်။ သူ့စကားအဓိပ္ပာယ်ကို ကျွန်တော် နားမလည်ပေမယ့် ...

"ငါ ဒီက ထွက်မသွားသေးဘူး၊ မင်းကို ဓားရေး ကောင်းကောင်းသင်ပေးရဦးမယ်"

ဆိုတဲ့စကားကြောင့် ကျွန်တော် အရမ်းပဲ ဝမ်းသာသွားမိပါတယ်။ အဖေနဲ့ အမေကို ကျွန်တော် လှမ်းကြည့်တော့လဲ ခေါင်းညိတ်ရင်း ပြုံးပြလိုက်တာကို မြင်ရတယ်။

နောက်နေ့တွေမှာတော့ အမေ ထမင်းချက်တဲ့ မီးဖိုချောင်ထဲမှာ ဝင်ပြီး တွတ်တီးတွတ်တာတွေ ပြောတတ်တဲ့ ကျွန်တော်ဟာ စပါးနယ်တဲ့ တလင်းထဲမှာ မီးတောက်နဲ့အတူတူ ဓားရေးကျင့်ရတော့တယ်။

www.burmeseclassic.com

www.burmeseclassic.com



အမေဟာ မီးဖိုချောင်ထဲက မကြာခဏ ထွက်ကြည့်တတ်တာကလွဲပြီး တစ်စုံတစ်ရာ ကန့်ကွက်ပြောဆိုတာ မရှိပါဘူး။

မီးတောက်ဟာ လူကောင်းတစ်ယောက်လို့ အဖေနဲ့ အမေဟာ လုံးဝကို ယုံကြည်နေလိမ့်မယ်လို့ ကျွန်တော် ထင်ပါတယ်။

✸



ဓားကြီးကို ကိုယ်နှင့်မကွာ ဆောင်ထားတတ်တဲ့သူဟာ အဲဒီဓားနဲ့ တစ်စုံတစ်ယောက်ကို ဒဏ်ရာအနာတရဖြစ်အောင်၊ ဒါမှမဟုတ် သေကြေအောင် တိုက်ခိုက်ဖူးမယ်လို့ ကျွန်တော် တွေးမိပါတယ်။

ဒါပေမဲ့ မီးတောက်ဟာ ကျွန်တော် ခပ်လွယ်လွယ် ထင်ထားသလို သွေးဆာနေတဲ့ ဓားသမားတစ်ယောက်တော့ မဟုတ်ပါဘူး။ သူတစ်ပါးအသက်ကို တန်ဖိုးထားတတ်တဲ့လူဆိုတာ ကျွန်တော် တဖြည်းဖြည်း သိလာရတယ်။ တစ်နေ့ အိမ်ဘေးခြံထဲက ကြခတ်ရုံကြီးမှာ လေးခွတစ်လက်နဲ့ ငှက်ပစ်နေတာ သူမြင်သွားကယ်။ ချက်ချင်း ကျွန်တော့်ကို လှမ်းခေါ်ပြီး …

"ဘာလို့ သူများအသက်ကို သတ်ချင်ရတာလဲ 'နီတွတ်"

လို့ မေးပါတယ်။ သူ့မျက်နှာဟာ တည်ကြည်နေပေမယ့် ဒေါသထွက်နေတဲ့ ပုံမျိုးတော့ မဟုတ်ပါဘူး။ ဒါပေမဲ့ ကျွန်တော် အလိုလို ကြောက်နေမိတယ်။

မီးတောက်နေရာမှာ ရွာကျောင်းဘုန်းကြီးသာဆို

www.burmeseclassic.com



ကျွန်တော့် တင်ပါးမှာ အရိုးရာတွေ ထပ်နေမှာပဲလို့ တွေးမိသေးတယ်။

"ကျွန်တော် ... ကျွန်တော် လိုချင်လို့ပါ"

လို့ ထစ်ထစ်ငေါ့ငေါ့နဲ့ ဖြေလိုက်တော့ သူ ကျွန်တော့်ရှေ့မှာ ဒူးထောက်ထိုင်ချလိုက်ပြီး ပြောလိုက်တာက ...

"ဘာလုပ်ဖို့လဲ၊ မင်းလိုချင်တာ တစ်ခုတည်းနဲ့ အပြစ်မဲ့တဲ့ ငှက်ကလေးတွေ သေပေးရတာ တရားပါ့မလား"

တဲ့။

သူ့နှုတ်က ဒီလိုစကားမျိုးပြောတာ တခြားလူတွေ ကြားရင် အံ့သြနေမလား။ လှောင်ရယ်မလားပဲ။ ကျွန်တော်ကတော့ မအံ့သြပါဘူး။

"လူဆိုတာ ဘယ်သတ္တဝါကိုမှ အကြောင်းမဲ့ ရန်မမူရဘူး၊ ကိုယ့်ကို ရန်ပြုလာမှ လက်တုံ့ပြန်ရတယ်၊ ပေးစမ်း ... အဲဒီလေးခွ"

ကျွန်တော့်လက်ထဲက လေးခွကို ဆတ်ခနဲ ဆွဲ



ယူသွားချေပြီ။

"ဦးလေး ..."

ကျွန်တော့်အသံကြောင့် သူ လှည့်ကြည့်လာတယ်။

"ဘာလဲ"

"ကျွန်တော်တို့ စားရေးကျင့်ရဦးမှာလား"

ကျွန်တော့်စကားကြောင့် သူ ဟက်ဟက်ပက်ပက် အော်ရယ်တော့တယ်။ ပြီးတော့ ကျွန်တော့်ကို ခွေ့ခနဲ ကောက်ချီပြီး ကျောမှာ ပိုးလိုက်တယ်။

"မင်းက မမေ့သေးဘူးကိုးကွ၊ ကျင့်တာပေါ့ကွာ၊ အခုပဲ သွားကြမယ်"

လမ်းတစ်လျှောက်လုံး ကျွန်တော့်ကို စကားတွေ အများကြီးပြောတယ်။ သူပြောတဲ့စကားထဲမှာ ကျွန်တော် နားမလည်တာတွေလည်း ပါတယ်။ မီးတောက်ဟာ မတရားလုပ်တာကို မကြိုက်ဘူး။ ပြီးတော့ ဘယ်သူ့ကိုမှလည်း မကြောက်တတ်ဘူးဆိုတာကိုတော့ ကျွန်တော် ကောင်းကောင်းသိလိုက်ရပါတယ်။

အဖေနဲ့ အမေ မီးတောက်ကို ဘာကြောင့် ခပ်

www.burmeseclassic.com



တွယ်နေသလဲဆိုတာလည်း သဘောပေါက်လာရတော့တယ်။ ကျွန်တော် သူ့ကို အိမ်က ထွက်မသွားစေချင်ဘူး။ ဒါပေမဲ့ သူထွက်သွားမယ်ဆိုရင်လည်း တားလို့ရမှာ မဟုတ်ဘူးလေ။

တစ်နေ့မှာ ကျွန်တော် အဖေနဲ့ မီးတောက်တို့ ဆောင်းတွင်း နွားစာကောက်ရိုးတွေကို လှည်းပေါ် တင်နေတုန်း ကောက်ရိုးထိုး ခက်ရင်းကြီး ကျိုးသွားပါတယ်။ အဖေက ...

“ဒုက္ခပဲ၊ မြို့ကိုသွားပြီး ဂဟေနဲ့ ဆက်မှပဲ”

လို့ ပြောလိုက်တော့ မြစ်ကမ်းဘက်ကို ငေးနေတဲ့ မီးတောက်က ...

“ကျွန်တော် သွားပေးပါမယ်လို့”

ပြောလိုက်တယ်။ မီးတောက် ငေးကြည့်နေတဲ့ မြစ်ကမ်းဘက်ကို အဖေပါ လှမ်းကြည့်လိုက်တော့ မြင်းကို ဒုန်းစိုင်းစီးလာတဲ့ လူတစ်ယောက်ကို တွေ့လိုက်ရတယ်။ ဖုန်တွေအလုံးလိုက် အလိပ်လိုက်ကြားက လည်ဆံမွေး တဖွားဖွားနဲ့ မြင်းကို ဒုန်းစိုင်းစီးလာတဲ့ လူရဲ့ဆံပင်



တွေဟာလည်း သူ့ရဲ့မြင်းလိုပဲ လေမှာ တလွင့်လွင့်ပါပဲ။

မကြာခင် ကျွန်တော်တို့ လယ်ကန်သင်းရိုးနားကို ရောက်လာတော့တယ်။ သူ့ကို ကျွန်တော် မြင်ဖူးသလို ရှိပါတယ်။ အဖေ့မိတ်ဆွေဟောင်းထဲက တစ်ယောက်ပဲ ဖြစ်မှာပါ။

ဒါပေမဲ့ အဖေကတော့ သူ့ကို လိုက်လိုက်လှဲလှဲ ဖော်ဖော်ရွေရွေ မရှိတဲ့မျက်နှာမျိုးနဲ့ လှမ်းကြည့်နေပါတယ်။ အဲဒီလူက ...

“ဘယ်လိုလဲ၊ စပါးအထွက်ကောင်းရဲ့လား”

လို့ လှမ်းမေးလိုက်တယ်။

အဖေက အဲဒီလူကို ချက်ချင်းမဖြေသေးဘဲ မျက်မှောင်ကြုတ်ပြီး ကြည့်နေသေးတယ်။ ပြီးမှ ...

“မဆိုးပါဘူး”

လို့ ခပ်ဆိုင်းဆိုင်း ဖြေလိုက်တယ်။ အဲဒီလူက အဖေ့ကို မချိသွားဖြဲ ပြုံးပြပြီး ရွာထဲဘက်ကို မြင်းစီးပြီး ထွက်သွားတော့တယ်။ မီးတောက်က အဲဒီလူ သွားတဲ့ဘက်ကို မျက်စိတစ်ဆုံး လိုက်ကြည့်နေပြီး ...

www.burmeseclassic.com

www.burmeseclassic.com



"အဲဒါ ဘယ်သူလဲ ကိုအောင်ဒွန်း"

လို့ လှမ်းမေးလိုက်တယ်။ အဖေက ကောက်ရိုးပုံတွေစုရင်း လှည့်မကြည့်ဘဲ …

"မိုးကောင်း"

လို့ ဖြေလိုက်တယ်။ မီးတောက်က နာမည်ပဲမေးပြီး ဘာမှ ဆက်မမေးတော့ဘဲ နေပေမယ့် ကျွန်တော်ကတော့ မိုးကောင်းဆိုတာ ဘယ်သူလဲလို့ သိချင်လိုက်မိတယ်။

ခဏနေတော့ ကောက်ရိုးတွေ လှည်းပေါ် အကုန်တင်ပြီးသွားပြီ။

ကောက်ရိုးတွေ အများကြီး တင်ထားတဲ့လှည်းပေါ်ကို မီးတောက်ဟာ ခရာခဲဆစ် တက်လိုက်တယ်။ ကောက်ရိုးလှည်းစီးရတာ အန္တရာယ်ရှိလို့ အမေက ကျွန်တော့်ကို ဘယ်တော့မှ ပေးမစီးဘူး။ ဒါပေမယ့် မီးတောက်မောင်းတဲ့ ကောက်ရိုးလှည်းကို ကျွန်တော် စီးချင်မိတယ်။

အဖေက ကောက်ရိုးထိုး ခက်ရင်းကို ထမ်းပြီး



လှည်းဘေးက လျှောက်လိုက်လာတယ်။ ကျွန်တော်က အဖေ့ဘေးမှာပေါ့။ ပယ်မြောင်းလို့ခေါ်တဲ့ ချောင်းကောလမ်းလေး ဆုံးသွားတော့ မီးတောက်က ကျွန်တော့်ကို ငုံ့ကြည့်ပြီး …

"လှည်းစီးမလား"

လို့ လှမ်းမေးတယ်။ အဖေက ကျွန်တော့်ကို ဘာမှမပြောဘူး။ အဲဒါနဲ့ ကျွန်တော် ခေါင်းညိတ်ပြလိုက်တယ်။ လှည်းခဏရပ်ပြီး နွားတပ်ထားတဲ့ တံပိုးတုံးကနေ ကျွန်တော် ကုပ်တွယ်တက်လိုက်တယ်။ ကောက်ရိုးတွေ အများကြီးတင်လို့ရအောင် ဝါးလုံးတွေ ထိုးတင်ထားတာ ခုတော့ ကျွန်တော် နိုတက်ဖို့ အဆင်ပြေသွားတာပေါ့။

ခဏလေးမှာပဲ မီးတောက်ရင်ခွင်ထဲ ကျွန်တော် ရောက်သွားတယ်ဆို နွားကြိုးတွေကို ကျွန်တော့်လက်ထဲ အကုန်ထည့်ပေးထားလိုက်တယ်။ ကောက်ရိုးပုံကြီးပေါ်မှာ ထိုင်ရတာ တအိအိနဲ့၊ လှည်းကလည်း ဖြည်းဖြည်းချင်းဆိုတော့ တကျွိကျွိ မြည်နေတယ်။

www.burmeseclassic.com

www.burmeseclassic.com



အဖေကတော့ လှည်းအောက်ကပဲ ခြေလျှင် လျှောက်လာတယ်။ ရွာထဲဝင်တော့ ကျွန်တော်တို့ခေါင်းနဲ့ သစ်ကိုင်းတွေ ဝင်တိုးလို့ ခေါင်းတွေကို ပြားပြားဝပ်နေအောင် ကောက်ရိုးပေါ်မှာ ကပ်ထားရတယ်။

အိမ်ကိုရောက်တော့ လှည်းပေါ်က ကျွန်တော့်ကို ချပေးပြီး ကောက်ရိုးတွေကို ချကြတယ်။ ကောက်ရိုးချရင်း အဖေက …

"ကျုပ်တို့ရွာမှာ အရင်က သူကြီးရှိတယ်"

လို့ အစမရှိ အဆုံးမရှိ ထပြောလိုက်တယ်။ မီးတောက်က ကောက်ရိုးတွေကို ထွန်ခြစ်နဲ့ ယက်ရင်း…

"ကျုပ် ဒီရွာကို စရောက်တော့ သူကြီးအိမ် ဘယ်မှာလဲလို့ လူတစ်ယောက်ကို မေးတုန်းက …"

"သူကြီးမရှိတော့တဲ့နောက်ပိုင်း ဒီရွာရဲ့ အရေးကိစ္စတွေကို ကျုပ်က ဦးဆောင်ပြီးလုပ်ခဲ့ရတာပါ"

လို့ ဖြတ်ပြောလိုက်တယ်။ အဖေ့စကားကို နားလည်သွားသလို ခေါင်းတဆတ်ဆတ်ညိတ်ပြီး ဘာမှ



ဆက်မပြောတော့ဘူး။

"အရင်က ဒီရွာ သူကြီးရဲ့နာမည်က ဦးရွှေရတဲ့"

"အခု သူ သေပြီလား"

"အင်း … သေသွားပြီ၊ သေတာမှ သူများသတ်လို့ သေတာ"

"သူကြီး သေတော့ သတ်တဲ့တရားခံ မမိဘူးလား၊ အင်္ဂလိပ်အစိုးရက မစုံစမ်းဘူးလား"

မီးတောက်ရဲ့ အမေးကြောင့် အဖေဟာ ခေါင်းကို သွက်သွက်ရမ်းရင်း …

"ဒီရွာက အုပ်ချုပ်ရေး သိပ်ပြီး လက်လှမ်းမမီဘူးဆိုတာ မောင်ရင် မသိဘူးလား၊ သူကြီးဆုံးပြီးခါစက ကျုပ်တို့လယ်တွေကို အစိုးရပိုင်သဘောနဲ့ သိမ်းဖို့ လုပ်ကြသေးတယ်၊ ကျုပ်တို့လယ်သမားတွေနဲ့ လယ်ယာမဲ့တွေ ပြဿနာအကြီးအကျယ် တက်ကြတယ်လေ၊ ကျုပ်တို့ ဓိုက်ခင်းတွေ တော်တော်များများ ပျက်စီးသွား

www.burmeseclassic.com

www.burmeseclassic.com



တယ်၊ အဆိုးဆုံးက ကျူပ်အစ်ကိုဟာ လယ်ယာမဲ့တွေနဲ့ ပြဿနာဖြစ်ရာက အသတ်ခံလိုက်ရတာပဲ၊ ဘယ်သူသတ်လိုက်တယ်ဆိုတာ လည်း မသိရဘူး''

အဖေ့အသံက စိတ်မကောင်းပုံ ပေါက်နေတယ်။ ပါးနပ်လွန်းတဲ့ မီးတောက်က …

''လယ်ယာမဲ့ခေါင်းဆောင်တော့ ရှိမှာပေါ့''

လို့ ဝင်ထောက်လိုက်တယ်ဆိုရင်ပဲ အဖေက…

''အင်း … သူ ဒီရွာက ထွက်သွားတာ ကြာပါပြီ၊ အခုမှ ဘယ်ကဘယ်လို ပြန်ရောက်လာသလဲ မသိဘူး''

လို့ ပြောလိုက်တယ်။ မီးတောက်က …

''သူက မနက်က မြင်းနဲ့လာတဲ့လူများ ဖြစ်နေမလားပဲ''

အဖေက သက်ပြင်းချရင်း ခေါင်းညိတ်ပြလိုက်တယ်။ ကိုယ့်ကိုယ်ကို အမြဲယုံကြည်မှုရှိတဲ့ အဖေ့မျက်နှာမှာ စိုးရိမ်ပူပန်နေတဲ့ အရိပ်အရောင်ကို ကျွန်တော် တွေ့လိုက်ရသလိုပါပဲ။



နောက်နေ့တွေမှာ ရွာထဲက လူတွေဟာသတင်းအထူးအဆန်းတစ်ခုကို ပြောနေတာ ကျွန်တော် ကြားခဲ့ရပါတယ်။ အဲဒါကတော့ တခြားမဟုတ်ပါဘူး။ ပျံကျလယ်ယာမဲ့အချို့နဲ့ လယ်ယာမဲ့လို့ အမည်ခံထားတဲ့ လူမိုက်တွေဟာ ဦးမိုးကောင်းကို ရွာရဲ့အကြီးအကဲတစ်ယောက်လို့ လက်ခံလိုက်တယ်ဆိုတာပါပဲ။ ဒါပေမဲ့ ရွာထဲကလူတွေကတော့ အရေးကိစ္စကြုံတိုင်း အဖေ့ရဲ့ဩဇာကို ခံနေကြတုန်းပဲ။

ဒါဟာ အဖေ့အတွက် အန္တရာယ်ရှိတယ်လို့ မီးတောက်က ခဏခဏ သတိပေးတာလည်း ကျွန်တော် ကြားရတယ်။ ဦးမိုးကောင်းဘက်မှာလည်း တပည့်တပန်းတွေ ရှိပါတယ်။ အဖေနဲ့ မီးတောက်ကတော့ လုပ်စရာရှိတာလုပ်၊ အေးအေးဆေးဆေးပဲ။ အဖေ့ မိတ်ဆွေ လယ်သမားတွေကတော့ အဲဒီကိစ္စကို အဖေ့ဆီမှာ မကြာခဏ လာဆွေးနွေးကြတယ်။

ကျွန်တော်နဲ့ မီးတောက်ဟာ ကျိုးသွားတဲ့ ခက်

www.burmeseclassic.com



ရင်းကြီးကို ဂဟေဆက်ဖို့ မြို့ကို လှည်းနဲ့ထွက်လာခဲ့တယ်။ ကျွန်တော်တို့လှည်းနဲ့ မလှမ်းမကမ်းမှာ မြင်းစီးလာတဲ့ လူနှစ်ယောက်ကို တွေ့လိုက်ရတယ်။

ကျွန်တော်က မီးတောက်မျက်နှာကို တစ်ချက်မော့ကြည့်တော့ ကျွန်တော့်ကို မျက်မှောင်တစ်ချက် ကျုံ့ကြည့်လိုက်ပြီး …

"မြို့ရောက်ရင် မားမြှောင်တစ်ချောင်း ဝယ်ပေးမယ်"

လို့ ပြောပါတယ်။ မြို့က ပန်းပဲဆရာဆီရောက်တော့ ခက်ရင်း ဂဟေဆက်ဖို့ တစ်နာရီလောက် ကြာမယ်ဆိုလို့ မီးတောက်နဲ့ ကျွန်တော် တစ်နေရာ ထွက်ခဲ့ပါတယ်။ မီးတောက်သွားနေတာက အရက်ဆိုင် တစ်ဆိုင်ဆီကိုပါ။ ဆိုင်နားရောက်မှ ကျွန်တော့်ကို သတိရပြီး လှည့်ကြည့်တယ်။

ဒီတစ်ခေါက် မြို့လာတာ အဖေရော၊ အမေရော မပါတဲ့အတွက် ဒီဆိုင်ထဲကိုဝင်တာ သိပ်ပြီးပြဿနာမရှိပါဘူး။ ဆိုင်ထဲမှာ လူတော်တော်များများ ရှိနေပြီး



ကျွန်တော်တို့ကို ဝိုင်းကြည့်နေပါတယ်။ မီး တောက်ဟာဘယ်သူ့ကိုမှ မကြည့်ဘဲ စားပွဲတစ်လုံး မှာ ခုံတစ်ခုဆွဲပြီး ဝင်ထိုင်ပါတယ်။ အဲဒီအချိန်မှာ မြင်း စီးသမားနှစ်ယောက်လည်း ဆိုင်ထဲဝင်လာပါတယ်။

တစ်ယောက်က ကျွန်တော်တို့ရွာက ရွှေမျိုးဆိုတဲ့လူပါ။ နောက်တစ်ယောက်ကတော့ ကျွန်တော်မသိတဲ့ မျက်နှာစိမ်းတစ်ယောက်ပါပဲ။ သူက ရွှေမျိုးရဲ့ မိတ်ဆွေပဲ ဖြစ်မယ်ထင်တာပဲ။ ရွှေမျိုးဟာ ဦးမိုးကောင်းရဲ့ တပည့်တစ်ယောက်မှန်း မီးတောက်က ကောင်းကောင်းသိနေပါတယ်။

ရွှေမျိုးဟာ မီးတောက်ကို မြင်ရက်နဲ့ မမြင်ဟန်ဆောင်နေတယ်လို့ ကျွန်တော် ထင်ပါတယ်။ သူနဲ့ပါလာတဲ့ လူစိမ်းကတော့ ဆိုင်ထဲ တစ်ချက်ဝေ့ကြည့်ရင်း မီးတောက်ကို သေသေချာချာ ကြည့်လိုက်ပါတယ်။

ပြီးမှ ဆိုင်ထဲက ခပ်သုတ်သုတ် ထွက်သွားပြီး ဆိုင်ရှေ့က သစ်ပင်ငုတ်လေးမှာ ချည်ထားတဲ့ သူ့မြင်းကြီးကို အတင်းဆွဲဖြုတ်နေပါတယ်။

www.burmeseclassic.com

www.burmeseclassic.com



ရွှေမိုးျငင်းက နောက်မှ ထလိုက်သွားပြီး …

“ဟော့ကောင် … ဘာဖြစ်သွားတာလဲ”

“ကျုပ် ပြန်တော့မလို့ဗျ”

“ဘာပြန်လုပ်မှာလဲ၊ အခုမှ လာတာ”

“ဒီနေရာမှာ ကြာကြာနေလို့ မကောင်းဘူး ထင်တယ်”

“မင်း …တော်တော်သွေးကြောင်တဲ့ကောင်ပဲ”

ရွှေမိုးျငင်းစကားကြောင့် လူစိမ်းရဲ့မျက်နှာဟာ နီရဲသွားတော့တယ်။ ဒါပေမဲ့ အချီအချ ဆက်မပြောတော့ဘဲ မြင်းပေါ်ကို လှားခနဲ ခုန်တက်လိုက်ပြီး …

“ခင်ဗျား ထင်ချင်သလိုထင်၊ ကျုပ် ဒီနေရာမှာ ကြာကြာမနေဘူး”

လို့ ပြန်ပြောလိုက်ပါတယ်။

ရွှေမိုးျငင်းဟာ အရက်ဆိုင်ထဲကို ပြန်ဝင်လာပြီး သူ့စားပွဲမှာ ပြန်ဝင်ထိုင်လိုက်တယ်။ ပြီးတော့ အရက်တစ်ခွက်ကို မော့ရင်း …

“ဗျို့ … လယ်သမားကြီး”



လို့ လှမ်းခေါ်လိုက်ပါတယ်။ မီးတောက်ဟာ သူ့ကို လှည့်ကြည့်ပြီး …

“ကျုပ်ကို ခေါ်တာလား”

လို့ ခပ်အေးအေးပဲ ပြန်မေးပါတယ်။ ရွှေမိုးျငင်းဟာ အတော်လေးကို ထောင့်မကျိုးတဲ့ လူတစ်ယောက်ပါ။

“ဟုတ်တယ်၊ ဒီနားမှာ လယ်သမားဆိုလို့ ခင်ဗျားတစ်ယောက်ပဲ ရှိတဲ့ဟာကို”

လို့ နိုင်လိုမင်းထက်ပုံစံနဲ့ ပြန်ပြောပါတယ်။ ပြီးတော့ တခြားစားပွဲဝိုင်းတွေဘက် လှည့်ပြီး …

“ဟောဒီမှာ ဆရာတို့၊ ဟောဒီလယ်သမားဟာ တောမှာ ထန်းရည်ပဲ သောက်လိမ့်မယ်လို့ ကျုပ်က ထင်နေတာ၊ ခုတော့ …”

သူ့စကား မဆုံးလိုက်ပါဘူး။ မီးတောက်ဟာ ရွှေမိုးျငင်းထိုင်နေတဲ့ စားပွဲဆီကို ခပ်မှန်မှန်လျှောက်သွားပြီး ရွှေမိုးျငင်းအင်္ကျီစကို ဆောင့်ဆွဲလိုက်ပါတယ်။ ပြီးတော့ အသံခပ်မာမာနဲ့ …

www.burmeseclassic.com



"ဒီမှာ ... မိုးကောင်းကို ပြန်ပြောလိုက်၊ နောက်တစ်ခါ မျက်လုံးအထုတ်ခံဖို့ လူလွှတ်ရင် မလောက်လေး မဓလောက်စားကောင်တွေ မလွှတ်နဲ့လို့၊ နားလည်လား"

လို့ ပြောလိုက်တယ်။ ရွှေမျိုးငှးဟာ တုန်တုန် ယင်ယင်နဲ့ပဲ ဆိုင်ထဲက ထွက်သွားတော့တယ်။ ဆိုင်တစ် ဆိုင်လုံးလည်း တိတ်ဆိတ်သွားပြီး တချို့လူတွေဆို ဆိုင် ထဲက မသိမသာ ထွက်သွားကြတယ်။

ဆိုင်ရှင်ဟာ ကျွန်တော်နဲ့ မိုးတောက်ကို ဝင်လာ ကာစပုံစံလို မဟုတ်ဘဲ တရိုတသေ ဆက်ဆံတာကို တွေ့ရတော့ ကျွန်တော်တောင် စိတ်ကြီးဝင်သလို ဖြစ် သွားမိတယ်။

မိုးတောက်ဟာ အရက်သိပ်မသောက်ဘဲ ဆိုင် ထဲမှာ အချိန်ဖြုန်းရုံ ထိုင်နေပြီး ခဏနေမှ ပန်းပဲဆရာ ဆီ ခက်ရင်းသွားယူခဲ့ကြပါတယ်။ လမ်းရောက်တော့ မိုးတောက်က ...

"ဘဝဟာ တစ်ခါတလေ သိမ်စိတ်ပျက်ဖို့



ကောင်းတာပဲ၊ တစ်ခါတလေ လူတစ်ယောက် ဟာ သူ့ ရဲ့စွမ်းသတ္တိကြောင့်၊ သူ့လုပ်ပုံကိုင်ပုံ တွေကြောင့် မပျက်စီးသင့်ဘူး မဟုတ်လား"

လို့ ပြောပါတယ်။ ပန်းပဲဆရာဆီရောက်တော့ အသင့်တွေ့ရတဲ့ ဓားမြှောင်တစ်ချောင်း ဝယ်ပေးပါတယ်။ ဓားမြှောင်အိမ်နဲ့ ဘာနဲ့ တကယ်ကျကျနနပဲ။ သူပြောတဲ့ စကားတွေဟာ နက်နဲလွန်းတာမို့ ကျွန်တော် ကောင်းကောင်း နားမလည်ပါဘူး။ ဒါကို မိုးတောက်က ရိပ်မိတယ်ထင်ပါ ရဲ့။ သူ့ဘာသာ တွေးနေပါတယ်။ ခဏလောက်ကြာတော့ ပဒ္ဒည်းတွေတင်ပြီးမြို့ထဲကလှည်းမောင်းထွက်ခဲ့ကြတော့တယ်။

အဖေဟာ စပါးကျီတံခါးပေါက်ကနေ စိတ် မချသလို လှမ်းကြည့်နေပါတယ်။ ကျွန်တော်ကတော့ မိုးတောက် ဝယ်လာပေးတဲ့ ဓားအသစ်လေးကြောင့် အပျော်ကြီး ပျော်နေတာကို အမေက ဘဝင်မကျသလို မျက်မှောင်ကုတ်ပြီး ကြည့်နေပါတယ်။

ခြံထဲ လှည်းဝင်လိုက်တယ်ဆိုရင်ပဲ ...

"ဟော့ ... မောင်ရင်၊ မြို့မှာ မိုးကောင်း

www.burmeseclassic.com

www.burmeseclassic.com



တပည့်တွေနဲ့ တွေ့ခဲ့သေးလား''

လို့ ခရီးရောက်မဆိုက် လှမ်းမေးပါတယ်။ မီးတောက်က နွားတွေကို ရေစည်ပိုင်းဆီ ဆွဲသွားရင်း…

''ဟုတ်တယ်၊ မီးကောင်းက လူကြွားပဲ၊ သူ့ဩဇာအရှိန်ကို ပြချင်တာနဲ့တူတယ်၊ သူ့တပည့်တစ်ကောင်ကို ကျူပ်နောက်ကို ထည့်ပေးလိုက်တယ်လေ''

''တစ်ယောက်မဟုတ်ဘူး၊ နှစ်ယောက်ပါဦးလေးရဲ့''

ကျွန်တော်က အဲဒီလို ဝင်ထောက်လိုက်တော့ မီးတောက်က မျက်ခုံးပင့်ပြီး …

''ဟင် … နှစ်ယောက်တောင် ဟုတ်လား''

''ဟုတ်တယ်၊ တစ်ယောက်က ဆိုင်တံခါးပေါက်ကနေ ဦးလေးကို ချောင်းကြည့်ပြီး တစ်ချိုးတည်း မြင်းပေါ်တက်ပြေးသွားတော့တာပဲ''

''ပြန်မြေးသွားတယ်''



မီးတောက်က မျက်မှောင်ကြုတ်ရင်း ကျွန်တော်နဲ့ သံယောင်လိုက်ပြီး ပြောပါတယ်။ အဖေနဲ့ မီးတောက်ဟာ စကားမပြောဘဲ တစ်ယောက်နဲ့တစ်ယောက် အပြန်အလှန် စိုက်ကြည့်နေကြတယ်။ အမေက ကျွန်တော့်ဆံပင်က ဖုန်တွေကို လက်နဲ့ ပွတ်ခါပေးပြီး …

''နီတွတ်လေး ပြောပုံအရဆို တစ်ယောက်က ပြေးသွားတယ်၊ ကျန်တဲ့တစ်ယောက်ကိုရော ရှင် ဘာလုပ်လိုက်သလဲ''

လို့ ခပ်ပြုံးပြုံးမေးလိုက်တော့ မီးတောက်က…

''ဘာမှမလုပ်လိုက်ပါဘူးဗျာ၊ ကျူပ် ပန်းပဲဖိုကိုပဲ ပြန်လာခဲ့တယ်''

''ပန်းပဲဖိုကို ပြန်လာခဲ့တယ်''

အဖေဟာ တစ်လုံးချင်း ခပ်ဖြည်းဖြည်းချင်း ရေရွတ်လိုက်ပါတယ်။ ဘာအဓိပ္ပာယ်လို့တော့ ကျွန်တော် နားမလည်လိုက်ပါ။ အဖေက မီးတောက်ကို …

''အဲဒီကောင်ကို မောင်ရင် သိသလား''

မီးတောက်က ခေါင်းယမ်းပြပါတယ်။ အဖေ

www.burmeseclassic.com

www.burmeseclassic.com



ဟာ ကျွန်တော့်ဘက်ကို တစ်ချက်လှည့်ပြီး ...

"ဘယ်သူလဲ သား"

လို့ မေးပါတယ်။

"ရွှေဖျိုင်းပါ အဖေရဲ့"

အဖေက ဝမ်းသာအားရ ပြုံးလာပြီး ...

"အင်း ... နှစ်ယောက်လွှတ်လိုက်သင့်တာ ပေါ့၊ ရွှေဖျိုင်းက လူကြောက်ပဲ"

လို့ ပြောလိုက်တော့ မီးတောက်က ခေါင်း တစ်ချက်ညိတ်ရင်း ရယ်နေခဲ့ပါတယ်။



[၅]

မီးတောက်နဲ့ ရွှေဖျိုင်းတို့ အဖြစ်အပျက်ဟာ နောက်တစ်နေ့ကစပြီး မြို့ကလေးမှာရော လူတိုင်းရဲ့ ပါးစပ်ဖျားမှာပါ ရေပန်းစားလာပါတယ်။ အဖြစ်အပျက် ကလေးဟာ ဘာမှမဟုတ်ပေမယ့် တစ်စတစ်စ ချဲ့ကား ပြောလာတဲ့အတွက် ဒါကို အချက်ကောင်းစောင့်နေတဲ့ ဦးမိုးကောင်းနဲ့ သူ့တပည့် ရွှေဖျိုင်းတို့ အခွင့်ကောင်းယူ ပြီး ရွာသားတွေကို သွေးထိုးပေးနေပါတယ်။

အထူးသဖြင့် ကျွန်တော်တို့အိမ်မှာ မီးတောက် ရောက်နေခြင်းကို အမျိုးမျိုးအဖုံဖုံ ဝေဖန်ပါတယ်။ မြို့ ကို သွားတိုင်း ကျွန်တော်တို့ လယ်ကွက်ထဲကနေ မြင်း

www.burmeseclassic.com

www.burmeseclassic.com



တွေကို ဖြတ်မောင်းလေ့ရှိသလို အဖေနဲ့ မီးတောက်ကြားအောင်လည်း ပမာမခန့် ပြောဆိုသွားတတ်ပါတယ်။

သူတို့လို ဘာမဟုတ်တဲ့ ကြွက်စုတ်လို ကောင်တွေက အဖေ့လို လူကြီးတစ်ဦးကို ပြောင်လှောင် စော်ကား မော်ကား မလုပ်သင့်ဘူးလို့ ကျွန်တော် ထင်ပါတယ်။ အဲဒီလို မထီလေးစား အပြောခံရတိုင်း အဖေဟာ အံကို တင်းတင်းကြိတ်ပြီး မချင့်မရဲ ဖြစ်နေရှာတယ်။ မီးတောက်ကတော့ မုန်တိုင်းဒဏ်ကို ကြံ့ကြံ့ခံနိုင်တဲ့ တောင်ကြီးလိုပဲ။ ဦးမိုးကောင်း တပည့်တွေရဲ့ စော်ကားရန်စမှုကို မတုန်မလှုပ် ခံနိုင်စွမ်းရှိတယ်။

မီးတောက် အဲဒီလိုနေတာဟာ ရွှေဖိုးင်းတို့ လူစုကို ပိုပြီးမခံချင်ဖြစ်စေတယ်လို့ ကျွန်တော် ထင်မိတယ်။ ဒီလို လှောင်ပြောင်စော်ကားတာကို အဖေ တစ်ယောက်တည်း မဟုတ်ဘူး။ တခြားလယ်သမားတွေလည်း ခံရတယ်။ ဒါပေမဲ့ မကျေနပ်၊ စိတ်တိုရုံက လွဲပြီး ဘာမှ မတတ်နိုင်ကြချေ။



ကြာလာတဲ့အခါမှာတော့ အခြေအနေတွေ ပိုပြီး ပြင်းထန်လာခဲ့ပါတယ်။

လယ်သမားအချို့တောင် မီးတောက်ကို အမြင်စောင်းလာတော့တယ်။ နောက်ဆုံး အဖေ့ကိုပါ တစ်မျိုးတစ်မည် ထင်လာခဲ့တယ်။ မီးတောက်ကတော့ ဘယ်သူ့ကိုမှ မှုစရာမလိုတဲ့ပုံနဲ့ စိတ်ချမ်းချမ်းသာသာပဲ နေပါတယ်။

ကျွန်တော်တို့ အိမ်သားတွေက ချစ်ခင်နေရင် သူ့အဖို့ ကျေနပ်စရာပဲဆိုတာ ကျွန်တော် ကောင်းကောင်း သိတာပေါ့။

မီးတောက်အနေနဲ့ အဖေ့ကို လယ်နီးချင်းတွေ တစ်မျိုးတစ်ဖုံ ထင်ကြ၊ သဘောထား ပြောင်းသွားကြမှာကိုတော့ စိုးရိမ်နေပုံပေါ်တယ်။

တစ်ညမှာတော့ ကျွန်တော်တို့ လယ်ထဲမှာ စပါးတွေ သွားစောင့်တုန်း ကျွန်တော်တို့လယ်ဘေးကပ်ရက်က လယ်သမားနှစ်ယောက် ရောက်လာတယ်။ အဲဒါ ဦးတင်ငွေနဲ့ ဦးအောင်ဖေပါ။

www.burmeseclassic.com

www.burmeseclassic.com



သူတို့ဟာ အမေနဲ့အတူ လယ်တဲလေးထဲမှာ စကားစမြည် ပြောကြ၊ ရေနွေးသောက်ကြနဲ့ပေါ့။ အဲဒီအချိန်မှာ မီးတောက်က မြင်းတွေထားတဲ့ သစ်ပင်နားမှာ ရှိနေတယ်။

တကယ်လို့များ သူတဲဘက်ကို လျှောက်လာရင်တော့ တဲထဲက စကားသံတချို့ကို ကြားနိုင်ပါတယ်။ ဘာတွေပြောသလဲဆိုတာတော့ ကျွန်တော် နားမလည်ပါဘူး။ ဒါပေမဲ့ သူတို့စကားထဲမှာ ခင်ဗျားလူလို့လည်း ထည့်ပြောတာ မီးတောက်ကို ရည်ညွှန်းမှန်းတော့ ကျွန်တော် ကောင်းကောင်းသိတာပေါ့။ ဦးတင်ငွေက အမေ့ကို ...

"ကျုပ်တော့ သည်းမခံနိုင်တော့ဘူး ကိုအောင်ဒွန်း၊ ဒီကောင်တွေ သိပ်စော်ကားလွန်းနေပြီ၊ ဟိုတစ်နေ့က ကျုပ်တဲက ကောက်ရိုးပုံ မီးလောင်တယ်၊ မိုးကောင်းတပည့်တွေ မြင်းနဲ့ဖြတ်သွားပြီး မကြာဘူး၊ မီးထလောင်တာ၊ ကျုပ် သူရင်းငှား အသိမြန်လို့၊ နို့မဟုတ်ရင်



ကောက်ဆိုင်ပုံတွေပါ လောင်မှာ၊ ဆေးလိပ်မီးနဲ့ ပစ်ခဲ့တာလေ"

လို့ ဒေါနဲ့မောနဲ့ ပြောပါတယ်။ နောက်တစ်ယောက်ကလည်း ...

"ဟုတ်တယ် ကိုအောင်ဒွန်း၊ ခင်ဗျားလည်း ဒီလို မထိတထိ ရန်စတာတွေ ခံရမှာပါ၊ ဘာဖြစ်လို့ ခင်ဗျား ငြိမ်နေတာလဲ၊ ခင်ဗျားလူနဲ့ မိုးကောင်းတို့ကို ထိပ်တိုက်ရင်မဆိုင်စေချင်တဲ့သဘောလား"

အမေက သက်ပြင်းချရင်း ...

"အမှန်အတိုင်းပြောရရင် မိုးကောင်းတို့ အုပ်စုကို မီးတောက်တင် မဟုတ်ဘူး၊ ငါတို့လယ်သမား တွေနဲ့လည်း ထိပ်တိုက်မတွေ့စေချင်ဘူး"

လို့ ပြောလိုက်ပါတယ်။ ဦးအောင်ဖေက ...

"ဒီလို မသိကျိုးကျွံပြုနေရုံနဲ့ ဒီပြဿနာက အေးသွားမှာ မဟုတ်ဘူး၊ မိုးကောင်းဆိုတဲ့ ကောင်ဟာ ..."

www.burmeseclassic.com

www.burmeseclassic.com



အဖေက ရုတ်တရက် လက်ကာပြလိုက်ပြီး…

"နားထောင်စမ်း၊ ဘာသံတွေလဲ"

ခပ်လှမ်းလှမ်းဆီကို ကျွန်တော်တို့ တဲဝိုင်းလေးကနေ ဒုန်းစိုင်းထွက်သွားတဲ့ မြင်းခွာသံပါ။

အဖေနဲ့ လူကြီးနှစ်ယောက်ဟာ တစ်ယောက်မျက်နှာ တစ်ယောက်ကြည့်ပြီး စကားတစ်လုံးမှမပြောဘဲ ငြိမ်သက်နေကြတယ်။

ကျွန်တော် သက်ကယ်ကျိုးတိုးကျဲတဲကြားက နေ တဲပြင်ကို ချောင်းကြည့်လိုက်တော့ မြင်းကို ဒုန်းစိုင်းစီးထွက်သွားတဲ့ မီးတောက်ကို တွေ့လိုက်ရတော့တယ်။

အဖေဟာ ရေနွေးကြမ်းတစ်ခွက် ကောက်သောက်ရင်း …

"လောလောဆယ်တော့ ဘာဖြစ်မလဲ စောင့်ကြည့်ရအောင်၊ ဒါပဲ တတ်နိုင်မှာ"

ကျွန်တော် မီးတောက်ရဲ့ မားကြီးကို တဲထဲမှာ တွေ့လိုတွေ့ငြား ရှာနေလိုက်ပါတယ်။ ခဏအကြာမှာတော့ မီးတောက်စီးသွားတဲ့ မြင်းလို့ ယူဆရတဲ့ မြင်း



တစ်စီးရဲ့ ခွာသံကို ကြားရပါတော့တယ်။

ဟုတ်ပါတယ်။ အဲဒါ မီးတောက်ရဲ့ မြင်းပါပဲ။ တဲထဲကို မောကြီးပန်းကြီး လှမ်းဝင်လာတဲ့ မီးတောက်ရဲ့ မျက်နှာဟာ သီသီသာသာ တင်းမာခက်ထန်နေပြီး သူ့မျက်လုံးတွေဟာ အရောင်တဖျတ်ဖျတ် လက်နေတယ်လို့ ထင်ရပါတယ်။

ပြီးတော့ ဒေါသသံနဲ့ …

"ဒီမှာ … ခင်ဗျားတို့ကို စော်ကားနေတဲ့ ကောင်တွေကို ကျုပ် ရင်ဆိုင်ခဲ့ပြီးပြီ၊ နောက် ဘယ်တော့မှ ခင်ဗျားတို့ကို မစော်ကားရဲတော့ဘူး"

လို့ အော်ပြောပြီး နောက်ကို လှည့်ထွက်သွားတော့တယ်။

ခဏအကြာမှာ ခပ်လှမ်းလှမ်းဆီက ကျွန်တော်တို့ တဲဆီကို ဒုန်းစိုင်းလာတဲ့ မြင်းခွာသံတွေကို ထပ်ပြီး ကြားရပြန်တယ်။ မြင်းခွာသံတွေဟာ တဲရှေ့မှာ ရပ်သွားပြီး အဖေမိတ်ဆွေတစ်ယောက် အမြေးအလွှားဝင်လာပါတယ်။

www.burmeseclassic.com

www.burmeseclassic.com



"မီးတောက် ဘယ်မလဲ"

အမောတကောနဲ့ သူက မေးပါတယ်။ အဖေ့ ကတော့ ခပ်အေးအေးပဲ။

"မြင်းတွေထားတဲ့ နေရာမှာလေ"

"သူ ဘာဖြစ်ခဲ့တယ်ဆိုတာ ခင်ဗျားကို ပြောပြပြီးပလား"

အဖေက ခေါင်းရမ်းပြရင်း ...

"အားလုံးတော့ မပြောရသေးဘူး၊ မိုးကောင်းတို့ အုပ်စုနဲ့ တွေ့ခဲ့တယ်တော့ ပြောတယ်"

လို့ ဖြေလိုက်တော့ အဖေ့မိတ်ဆွေဟာ စိတ်ပျက်လက်ပျက်နဲ့ ထိုင်ချလိုက်ပြီး...

"ကျုပ်တော့ ခင်ဗျားလူကို သိပ်အံ့ဩတာပဲဗျာ"

လို့ စကားပလ္လင်ခံလိုက်ပါတယ်။ ပြီးတော့ အဖြစ်အပျက်ကို စတင် ပြောပြပါတော့တယ်။ မီးတောက်ဟာ ရွှေမိုးရှင်းကို ထန်းရည်ဆိုင်မှာ ကောင်းကောင်း :ပညာပြခဲ့တယ်ဆိုတာပါပဲ။



မီးတောက် ထွက်သွားတာ အသွားအပြန် မိနစ်နှစ်ဆယ်လောက်ပဲ ကြာပါတယ်။ ဒီလောက် တိုတောင်းမြန်ဆန်တဲ့အချိန်လေးမှာ မီးတောက် ဒီလို လုပ်နိုင်ခဲ့တာ အားလုံး အံ့ဩနေကြတယ်။ ကျွန်တော် ကတော့ တော်တော်လေးကို ဝမ်းသာနေမိတယ်။

တစ်နေ့လုံး မျိုးသိပ်စောင့်စည်းလာတဲ့ မီးတောက်ရဲ့ ခန္ဓိပါရမီဟာ ပြိုကွဲသွားခဲ့ပါပြီ။ မီးတောက်ဟာ အရင်လို ကျွန်တော်တို့တစ်တွေနဲ့ အချိန်အကြာကြီး စကားထိုင်မပြောလေ့မရှိဘဲ အလုပ်တစ်ခုခုကို လုပ်နေလေ့ရှိပါတယ်။

သူဟာ ခြံတိုင်များ၊ တန်းများကို နိုင် မနိုင် နဲ့ကြည့်ပြီး တစ်ခါတစ်ခါ မြစ်ကမ်းဘက်ကို ငေးမောနစ်မြော၍နေလေ့ ရှိပါတယ်။

မြင်းတွေကို အစာကျွေး ထိန်းကျောင်းနေတာနဲ့ အချိန်ကုန်လွန်စေပြီး ဝင်လုဆဲဆဲ နေမင်းကြီးကို ငေးကြည့်နေရင်း အချိန်တွေကို တစ်ရက်ပြီးတစ်ရက် ကုန်လွန်စေပါတယ်။

www.burmeseclassic.com

www.burmeseclassic.com



တစ်ခါတော့ မြင်းကျောင်းရင်း ကျွန်တော်နဲ့ ဆုံမိကြတဲ့အခါ ကျွန်တော်က ···

"ဦးလေး ··· ရွှေဖျိုင်းကို ကိုင်ပေါက်လိုက်တဲ့ နည်းမျိုး ကျွန်တော့်ကို သင်မပေးနိုင်ဘူးလား"

လို့ ပြောတော့ မီးတောက်ဟာ တစ်ခဏမျှ ငြိမ်သက်သွားပြီး အတော်ကြာမှ ···

"ဒါတွေဟာ မင်း အလိုလိုတက်လာမှာပါ နီတွတ်ရယ်"

လို့ ဖြေပါတယ်။ မီးတောက်က ···

"နီတွတ်ရေ ··· လူတွေဟာ ကိုယ့်သိက္ခာ ကိုယ် စောင့်စည်းထိန်းသိမ်းတာတော့ မှန်ပါတယ်ကွာ၊ ဒါပေမဲ့ သူတစ်ပါးရဲ့ လည်မျိုကို ထိခိုက်တာမျိုးတော့ မဖြစ်သင့်ဘူးပေါ့"

လို့လည်း ပြောလေ့ရှိပါတယ်။ မီးတောက် ပြောတဲ့ စကားအဓိပ္ပာယ်ကို ကျွန်တော် နားမလည်ပါ။ သူ့စကားတွေဟာ ကျွန်တော့်အသိဉာဏ်ထက် မြင့်မား



လွန်းတာကြောင့် ကျွန်တော့်အဖို့ နားလည်ဖို့လည်း မလွယ်ကူလှပါဘူး။

မီးတောက်အပေါ်မှာ အဖေနဲ့အမေသာ သဘောထား ပြောင်းမပြောင်းတော့ ကျွန်တော် သေသေချာချာ မသိပါဘူး။

သူတို့ဟာ မီးတောက်ပြဿနာ ဖြစ်တဲ့ အကြောင်းကို လုံးဝ မပြောကြပါဘူး။ ဒါပေမဲ့ တစ်ခါတလေမှာ အမေက အဖေ့ကို ···

"ရှင် မှားနေပြီ၊ သူ့ကို ဒီမှာနေဖြစ်အောင် ဆွဲထားလိုက်တာရယ်၊ မီးကောင်းတို့နဲ့ ရှုပ်ကုန်အောင် လုပ်တာရယ်က မှားနေပြီ၊ သူဟာ အစွမ်းအစရှိတဲ့ လူငယ်တစ်ယောက်ပါ၊ ရွှေဖျိုင်းကို သူ ဒီလိုလုပ်ခဲ့တာ ရှင် ကျေနပ်နေသလား၊ သူ့အတွက် အန္တရာယ်မရှိပါဘူးလို့ အာမခံရဲသလား"

လို့ ဆူပူသလို ပြောလေ့ရှိပါတယ်။ အဖေက မချိတင်ကဲ ပြုံးပြီး ···

www.burmeseclassic.com

www.burmeseclassic.com



"ကျုပ် သူ့ကို သံယောဇဉ်ရှိပါတယ်၊ ဒီနေရာက သူထွက်သွားရင် ဘယ်တော့မှ ပြန်လာမှာ မဟုတ်ဘူး၊ မင်း တွေးမိရဲ့လား၊ သူ ထွက်သွားရင် ဒီနေရာကို ဆက်ထိန်းသိမ်းဖို့ တော်တော် ခက်မယ်၊ ကျုပ်အဖေကိုယ်တိုင် ဓားမ ခါးချထွင်ခဲ့ရတဲ့ လယ်တွေ ဆုံးရှုံးမှာ မလိုချင်ဘူး၊ မိုးကောင်းကို ရင်ဆိုင်ဖို့ မီးတောက်ကို ငါ လိုအပ်ပါတယ်"

အမေဟာ အဖေ့စကားကို တိုးတိတ်ဆိတ်ငြိမ်စွာ နားထောင်နေပြီးမှ …

"ရှင့်ခံစားချက်ကို ကျွန်မ နားလည်ပါတယ်"

လို့ ခပ်တိုးတိုး ပြောလိုက်တယ်။ အဖေဟာ နောက်ထပ် ဘာမျှမပြောတော့ဘဲ လယ်ကွင်းတွေဆီကို ထွက်သွားတယ်။

အိမ်ပေါ်မှာ ခပ်ငူငူထိုင်နေခဲ့တဲ့ အမေဟာ မီးတောက်ကို မြင်လိုက်တယ်ဆိုရင်ပဲ …

"မီးတောက်တောင် ပြန်လာမှကိုး"



လို့ ရေရွတ်နေတယ်။ မီးတောက်ဟာ ထမင်းစားဖို့ ပြန်လာတာပဲ ဖြစ်မယ်လို့ ကျွန်တော် ထင်လိုက်တယ်။ အမေက မီးတောက်ကို လှမ်းခေါ်ပြီး …

"ရှင် … ဒီနေရာက ထွက်သွားချင်ပြီလား ဟင်"

လို့ မေးလိုက်တယ်။ မီးတောက်က ခေါင်းကို ခါယမ်းလိုက်ပြီး …

"မသွားချင်ပါဘူးဗျာ"

လို့ ခပ်အေးအေးပဲ ပြန်ဖြေလိုက်တယ်။ အမေ့မျက်နှာဟာ ရုတ်ချည်း ဝင်းလက်သွားပြီး …

"ရှင်သိပါတယ်၊ ကိုအောင်ဒွန်းဟာ ရှင် မရှိရင် ဒီနေရာကို ဆက်ထိန်းထားနိုင်မယ် မထင်ဘူး၊ ရှင် မရှိရင် သူ့ရဲ့ကျဆုံးခြင်းကို မြင်ရတော့မယ်၊ ဒီယာတွေကို လက်လွှတ်ရတာ သူ့အတွက် အသတ်ခံလိုက်ရသလို နေလိမ့်မယ်၊ သူဟာ ကျွန်မနဲ့ အိမ်ထောင်ကျကတည်းက လှူနစ်ယောက်စာ လုပ်တဲ့အလုပ်ကို တစ်

www.burmeseclassic.com

www.burmeseclassic.com



ယောက်တည်း လုပ်ခဲ့ရတဲ့လူပါ၊ နီတွတ်လေး ကြီးလားမှ သူ အနားယူရမှာ၊ ဘိုးဘွားပိုင်မြေကို သူ စွဲလမ်းနေတာမျိုး မဟုတ်ဘူး၊ သူကလေးဘဝတုန်းက သူ့အဖေကိုယ်တိုင် ဒီယာမြေတွေ ချဲ့ထွင်ခဲ့တာ၊ ဒါကို ဘယ်သူ့ကို လွယ်လွယ်ပေးချင်ပါ့မလဲ''

အမေ့အသံဟာ ကြေကွဲနေသလို တိမ်ဝင်နေပါတယ်။ မီးတောက်ဟာ နားထောင်နေရင်းမှ …

''ဘာမှမပူပါနဲ့ အစ်မရယ်၊ ဒီယာမြေတွေကို လက်မလွှတ်ရဘူးလို့ ကျွန်တော် ပြောရဲတယ်၊ ဒီနေရာကို ခင်ဗျားတို့ မစွန့်ရပါဘူး''

လို့ ပြောလိုက်တဲ့ မီးတောက်ရဲ့ အာမခံစကားကို ကျွန်တော် တကယ်ပဲ ယုံကြည်မိပါတယ်။

မီးတောက်ဟာ ရွာထဲက ထန်းရည်ဆိုင်ကို ညဘက်သွားပြီး ရွှေမျိုင်းတို့နှင့် ရန်ဖြစ်ပြီးသည့်နောက်ပိုင်း ဦးမိုးကောင်းတပည့်တွေဟာ ကျွန်တော်တို့ လယ်ကွက်တွေပေါ်ကို မြင်းဖြတ်စီးတာမျိုး မလုပ်တော့ပါဘူး။



အခြေအနေက အတော်ကလေး အေးချမ်းတည်ငြိမ်နေပြီလို့ ပြောလို့ရပါတယ်။

ကျွန်တော် တစ်ခုသတိထားမိတာက အဖေဟာ အရင်ကလို မဟုတ်တော့ဘဲ မီးတောက်နည်းတူ အရာရာမှာ သတိရှိလာပါတယ်။ လယ်ထဲတွင် အလုပ်လုပ်စရာပဲရှိရှိ၊ မြို့ကို သွားစရာကြုံလာရင်ပဲဖြစ်ဖြစ် အတူတူ သွားလာလုပ်ကိုင်ကြပါတယ်။ အဖေဟာ ခါတိုင်းလို မဟုတ်ဘဲ မီးတောက်နှင့် ရွှေမျိုင်း ရန်ဖြစ်ပြီးနောက်တစ်နေ့ကစပြီး သွားလေရာမှာ ဓားအမြဲဆောင်ထားတတ်တယ်။ ကျွန်တော်လည်း မီးတောက် ဝယ်ပေးထားတဲ့ ဓားမြှောင်ကို သွားလေရာ အမြဲယူသွားတော့တယ်။ ဘာရယ်ကြောင့်လဲတော့မသိပါဘူး။ မီးတောက်ရှိရင် ကျွန်တော် ဘာကိုမှ မကြောက်ရွံ့တော့ဘူး။

[illegible]

www.burmeseclassic.com

www.burmeseclassic.com



[၆]

ဒီတစ်ခေါက် မြို့ကိုလာတာ ကျွန်တော့်အတွက် အပျော်ရွှင်ဆုံးပါပဲ။ အဖေရယ် အမေရယ်ဟာ လှည်းရှေ့ပိုင်းမှာ ထိုင်ကြပြီး မီးတောက်နဲ့ ကျွန်တော်ကတော့ လှည်းနောက်မြီးမှာ ခြေတွဲလောင်းချထိုင်ရင်း လိုက်ပါခဲ့ပါတယ်။

မြို့ကိုရောက်တိုင်း အဖေ့မိတ်ဆွေ အဘိုးကြီး၏ ကုန်စုံဆိုင်တွင် ဈေးဝယ်ကြပါတယ်။ အဘိုးကြီးရဲ့ ကုန်စုံဆိုင်ကိုရောက်တိုင်း တစ်ဆိုင်လုံးကို လှည့်ပတ်ကြည့်ပြီး အဘိုးကြီးမွေးထားတဲ့ ကြောင်ကြီးနဲ့ တူတူပုန်းတမ်းကစားရတာလည်း ကျွန်တော့်အတွက် ပျော်စရာပါပဲ။



အမေကတော့ ဦးမိုးကောင်းတပည့် တစ်ယောက်တလေကိုမျှ မတွေ့ရတဲ့အတွက် အတော်လေး ကျေနပ်ပျော်ရွှင်နေပါတယ်။ အဖေက ...

"ကဲ ... တို့ ပြန်ကြရင်ကောင်းမယ်"

လို့ ဆော်ဩလိုက်ပေမယ့် အမေကတော့ ကုန်စုံဆိုင်က မိန်းမကြီးနဲ့ စကားပြောကောင်းတုန်းပဲ။ မီးတောက်က အဖေ့ကို တစ်စုံတစ်ခု တီးတိုးပြောပြီး အရက်ဆိုင်ထဲကို ဝင်သွားပါတယ်။ ကျွန်တော်ကတော့ အဖေနဲ့ အမေရဲ့ အရိပ်အကဲကို တစ်ချက်ကြည့်ပြီး မီးတောက်နောက်ကနေ မယောင်မလည် လျှောက်လိုက်သွားမိတယ်။ ဒါပေမဲ့ ဆိုင်ဝမှာပဲ ကျွန်တော် ရပ်စောင့်နေခဲ့ရတယ်။

ဆိုင်ထဲက လူတချို့ဟာ ကျွန်တော်နဲ့ မျက်နှာတန်းနေသူတွေဆိုတာ သတိပြုမိတယ်။ ပြီးတော့ မီးတောက်နဲ့ နီးကပ်တဲ့ စားပွဲတချို့ကလူတွေဟာ မသိမသာလေး နေရာရွှေ့သွားကြတာလည်း တွေ့ရပါတယ်။ မီးတောက်ကတော့ သတိထားမိပုံ မပေါ်ပါဘူး။

www.burmeseclassic.com

www.burmeseclassic.com



အဲဒီအချိန်မှာ ဦးမိုးကောင်းရဲ့ တပည့်တစ်ဦးဟာ အရက်ဆိုင်တံခါးဝကနေ ခေါင်းပြူကြည့်လိုက်တာကို ကျွန်တော် တွေ့လိုက်ပါတယ်။ သူဟာ အရက်ဆိုင်ထဲကို ဝင်သွားတယ်။ ဒါကို မီးတောက် မြင်လိုက်ပုံရတယ်။ သူ့နာမည်တော့ ကျွန်တော် မသိပါဘူး။ ဒါပေမဲ့ ကတုံးပြောင်ပြောင်၊ ဇင်တိုတိုနဲ့ လူမိုက်ရုပ်ပါပဲ။ သူ့ကို မီးတောက်မြင်ပေမယ့် ဆိုင်အပြင်နံရံနား ကပ်လျက်မှာ ရပ်နေကြတဲ့ လူတွေကိုတော့ မီးတောက် မမြင်ပါဘူး။

ကျွန်တော် အတော်လေး တုန်လှုပ်သွားမိတယ်။ ဒါကြောင့် အမေ့ ပညတ်ချက်တွေကိုတောင် ဂရုမစိုက်နိုင်တော့ဘဲ ဆိုင်ထဲကို ပြေးဝင်သွားပြီး မီးတောက်ကို သွားပြောလိုက်မိသည်။

"ဦးလေး ... သူတို့တွေ အပြင်မှာ အများကြီးပဲ"

ကျွန်တော့်အပြော နောက်ကျသွားပါပြီ။ ကတုံးအပါအဝင် မိုးကောင်းတပည့်တွေဟာ ဆိုင်ရဲ့ဝင်ပေါက်ဝကို ပိတ်ဆို့ထားလိုက်ကြတော့တယ်။



တချို့လူတွေဟာ ရွာထဲက ကျွန်တော်မြင်ဖူးပြီးသား လူမိုက်တွေပါ။ တချို့လူတွေကိုတော့ ကျွန်တော် မသိပါဘူး။ သူတို့ဟာ မီးတောက်အနားကို ဖြည်းဖြည်းချင်း ချဉ်းကပ်လာကြတယ်ဆိုရင်ပဲ ကျွန်တော့်မှာ ကြောက်လွန်းလို့ ဒူးနှစ်ဖက် ဆတ်ဆတ်တုန်နေပါတော့တယ်။

ကျွန်တော် မီးတောက်ကို တစ်ခုခုပြောဖို့ ကြောက်အားတကြီးနဲ့ ကြိုးစားနေမိတယ်။ မီးတောက်ဟာ ကျွန်တော့်ကို တစ်ချက်ငုံ့ကြည့်လိုက်ပါတယ်။ သူ့မျက်နှာဟာ အေးစက်တည်ငြိမ်နေပြီး မျက်လုံးတွေဟာ အရောင်တွေ တောက်ပနေတယ်။ အမူအရာကတော့ လုံးဝကို အေးအေးဆေးဆေးပါပဲ။

မီးတောက်ရဲ့ မျက်နှာဟာ တစ်ခုခုကို ကျေနပ်ပျော်ရွှင်နေပြီး ရင်ဆိုင်ဖို့ အသင့်ရှိနေပုံပါပဲ။ မီးတောက်ရဲ့ လက်တစ်ဖက်က ကျွန်တော့်ခေါင်းပေါ်ကို တင်ထားပြီး သူ့လက်ချောင်းတွေဟာ ကျွန်တော့်ဆံပင်တွေကို ထိုးဖွကစားနေပါတယ်။

www.burmeseclassic.com

www.burmeseclassic.com



"နီတွတ် … မင်း ဒီနားက ငါ့အတွက် ရှောင်သွားပေးပါလား"

မီးတောက်ဟာ ကျွန်တော့်ကို အေးဆေးစွာ မေးလိုက်ပါတယ်။ ကျွန်တော်ဟာ ကလေးပေမယ့် မီးတောက်ကို ထားခဲ့ပြီး သွားရမယ့်ကိစ္စကို မတွေးတတ်အောင် ရှိပါတော့တယ်။

ကျွန်တော့် တုန်နေသော ခြေထောက်များဟာ အတုန်ရပ်သွားပြီး မီးတောက်နိုင်းတာ မှန်သမျှ လိုက်လုပ်ဖို့ အသင့်ရှိနေပါတယ်။

ကျွန်တော့် ခါးမှာ ဝှက်ထားတဲ့ ဓားမြှောင်လေးကို မီးတောက်လက်ထဲ ထည့်ပေးရရင် ကောင်းမလားလို့ စဉ်းစားပြီး စမ်းကြည့်လိုက်မိသေးတယ်။

"ကဲ … မင်း ဒီနားက ရှောင်ထွက်သွားစမ်း နီတွတ်"

ကျွန်တော် ဆိုင်အတွင်းမှ ပြေးထွက်ခဲ့ပေမယ့် အဖြစ်အပျက်အားလုံးကို မြင်နိုင်တဲ့ ထောင့်တစ်နေရာမှာ အသာရပ်နေမိပါတယ်။



ကျွန်တော့်အဖေကို ပြေးပြောဖို့လည်း သတိမရပါဘူး။ ဆိုင်ထဲက လူတွေကတော့ အလျှိုအလျှိုနဲ့ ရှောင်ထွက်သွားကြတော့တယ်။ ဦးမိုးကောင်းတပည့်တွေကတော့ တခြားလူတွေကိုဂရုမပြုဘဲ မီးတောက်ကိုပဲ အကဲခတ်နေပါတယ်။ မီးတောက်ကလည်း ဦးမိုးကောင်းတပည့် ကတုံးကိုသာ ဂရုစိုက်ကြည့်နေပါတယ်။ အဲဒီအချိန်မှာ အရက်ဆိုင်ပိုင်ရှင် လူဝကြီး ရောက်လာပြီး ရန်ပွဲကို တားဆီးဖို့ ပြင်လိုက်ပေမယ့် ကတုံးကောင်ဟာ မီးတောက်နဲ့ လက်တစ်ကမ်းအကွာလောက်ကို တိုးသွားပြီး …

"ငါ့ကောင်တွေကို ဘယ်သူမှ စော်ကားလို့မရဘူး မီးတောက်၊ မင်း နားလည်ထားဖို့က ကိုယ့်နယ်မဟုတ်ဘဲ လာကျယ်ဖို့ မကြိုးစားနဲ့၊ နောင်တရသွားမယ်"

"ဩော် … ဟုတ်လား"

မီးတောက်က လေအေးကလေးနဲ့ ပြန်ပြောလိုက်ပြီး ဖန်ခွက်ထဲကို အရက်တွေ အပြည့်ထည့်နေပါ

www.burmeseclassic.com

www.burmeseclassic.com



တယ်။ ရုတ်တရက် ဖန်ခွက်ကို ဆတ်ခနဲ ကောက်လိုက်ပြီး ကတုံးကောင်၏ မျက်နှာကို ပက်ထည့်လိုက်တယ်။

အငိုက်ခံလိုက်ရတဲ့ ကတုံးကောင်ဟာ နောက်ကို လန်ကျသွားပြီး မီးတောက် ပစ်သွင်းလိုက်သော လက်သီးချက်ကြောင့် လုံးဝကို လဲကျသွားတော့တယ်။ နောက်ထပ် ပြေးဝင်လာတဲ့ သူတပည့်တွေမှာလည်း မီးတောက်ပစ်လိုက်သော ဖန်ခွက်ပုလင်းတွေကို လွတ်အောင် မရှောင်နိုင်ဘဲ ကြမ်းပြင်ပေါ်ကို အတုံးအရုန်း လဲကျကုန်တယ်။ ခုံတွေအကြား လဲကျသွားတဲ့ ကတုံးကောင်ဟာ တစ်ခါပြန်ကုန်းထလာပြီး စားပွဲပေါ်မှာ အသင့်တွေ့ရတဲ့ ပုလင်းနဲ့ မီးတောက်ခေါင်းကို လှမ်းရိုက်လိုက်ပါတယ်။

ရှေ့ကကောင်တွေကို မဲတိုက်နေတဲ့ မီးတောက်ဟာ ပုလင်းနဲ့ရိုက်တဲ့ အရှိန်ကြောင့် ဟန်ချက် ပျက်သွားရတယ်။ ကျွန်တော် အသေအချာကြည့်လိုက်တော့ မီးတောက်ခေါင်းက သွေးတွေ ဖြာကျလာတာ မြင်ရတော့တာပဲ။



ကတုံးကောင်ရဲ့ လူနှစ်ယောက်ဟာ မီးတောက်ကို ဝိုင်းချုပ်ထားကြပြီး ကတုံးက မီးတောက်မျက်နှာကို လက်သီးနဲ့ ထိုးလိုက်ပါတယ်။ မီးတောက်က ရှောင်လိုက်တဲ့အတွက် သူ့လက်သီးမှာ မျက်နှာကို မထိဘဲ ရင်ဘတ်ကိုသာ ထိုးမိသွားပါတယ်။

နောက်တစ်ချက် ထပ်ထိုးဖို့ အားယူလိုက်ချိန်မှာတော့ ကျွန်တော့်ဘေးနားကို လူတစ်ယောက် လာရပ်တာကို သိလိုက်ရပါတယ်။ အဲဒါ ကျွန်တော့်အဖေပါပဲ။

အဖေက မီးတောက်ကို တစ်ချက်ကြည့်လိုက်ပြီး ကတုံးကို တအားတွန်းထိုးပစ် လိုက်ပါတယ်။ အဖေ တွန်းလိုက်တဲ့အရှိန်ကြောင့် ကတုံး နဲ့အတူ မီးတောက်ကို ချုပ်ထားတဲ့ သူတပည့်နှစ်ကောင် မှာ လွင့်ထွက်သွားပြီး စားပွဲခောင်းနဲ့ သွားဆောင့်မိကုန်တယ်။

အဲဒီချိန်မှာ ရယ်သံတစ်ချက် ထွက်ပေါ်လာပါတယ်။ အသံလာရာဆီကို ကျွန်တော် လှည့်ကြည့်လိုက်တဲ့အခါ မီးတောက်ဖြစ်နေတာကို တွေ့လိုက်ရတယ်။ သူဟာ အားရပါးရ ရယ်မောနေပြီး သူ့မျက်နှာပေါ်မှာ

www.burmeseclassic.com

www.burmeseclassic.com



သွေးများ မြင်မကောင်းအောင် စီးကျနေပါတယ်။

သူရယ်နေတာ ဟိုလူတွေ ထွက်ပြေးသွားတာကို ရယ်နေတာလည်း မဟုတ်ပါဘူး။

တစ်ခုခုကို လုပ်ကိုင်အပြီး အားရကျေနပ်တဲ့ ရယ်ပုံမျိုးနှင့် ရယ်မောနေခြင်းသာ။

အဲဒီအချိန်မှာ သူ့တပည့်တွေ အကုန်ထွက်ပြေးသွားပြီဖြစ်တဲ့အတွက် ကတုံးကောင်ဟာ ဆိုင်ထောင့်မှာ ပေဈောင်းစောင်းနဲ့ ရပ်ကျန်ခဲ့ပြီး မီးတောက်ကို ဒေါသဖြစ်တဲ့ မျက်လုံးအစုံနဲ့ စိုက်ကြည့်နေပါတယ်။

ကတုံးဆီကိုဦးတည်နေတဲ့ အဖေ့ကို မီးတောက်က ပခုံး အသာပုတ်လိုက်ပြီး …

"ဒီလူကိုတော့ ကျုပ်အဖို့ထားပါဦးဗျ"

လို့ အော်လိုက်ပါတယ်။ အဲဒီအချိန်မှာ အမေဟာ ကျွန်တော့်ဘေးနားကို ရောက်လာပါပြီ။ အဖေက

"မင်းတို့သားအမိနှစ်ယောက် လှည်းပေါ်ကို သွားနေစမ်း၊ ဒီနေရာဟာ မိန်းမတစ်ယောက် မြင်လို့ကြည့်လို့ကောင်းတဲ့နေရာ မဟုတ်ဘူး"



လို့ လှမ်းပြောလိုက်ပါတယ်။ အမေက ရှေ့ကို တစ်လှမ်းနှစ်လှမ်း တိုးလျှောက်သွားပြီး …

"ဟင့်အင်း … မီးတောက်ဟာ ကျွန်မတို့ အိမ်သားတစ်ယောက်ပဲ၊ သူနဲ့တိုက်ခိုက်တာကို ကျွန်မလည်း ကြည့်ချင်တယ်"

လို့ ပြောလိုက်ပါတယ်။ ကျွန်တော်တို့ သားအမိသားအဖ သုံးယောက်ဟာ မီးတောက်ရဲ့ ပွဲကြည့်ပရိသတ်လို ဖြစ်သွားတော့တယ်။ မခံချင်စိတ်ကြောင့် ရှူးရှူးရှားရှားဖြစ်နေတဲ့ ကတုံးဟာ အရပ်အမောင်း၊ ကိုယ်လုံးကိုယ်ထည်အနေနဲ့ မီးတောက်ထက် သာပါတယ်။ ဒါပေမဲ့ မီးတောက်လို မတည်ငြိမ်ဘူး။

ဒါဟာ သူ့ရဲ့အမှားပဲ။ မုန်ယိုနေတဲ့ ဆင်ရိုင်းတစ်ကောင်လို တရှိန်ထိုး ပြေးဝင်လာတဲ့ ကတုံးဟာ မီးတောက် ပစ်သွင်းလိုက်တဲ့ လက်သီးချက်နဲ့ တွေ့ပြီး တုန့်ခနဲဖြစ်သွားပါတယ်။

မီးတောက်လက်သီးနဲ့ကတုံးရဲ့မေးရိုး ထိတွေ့သံဟာ မိုးခြိမ်းသံတစ်မျှ မကျယ်လောင်ပေမယ့် သစ်ကိုင်း

www.burmeseclassic.com

www.burmeseclassic.com



ကျိုးသလို ဖြောင်းခနဲ မြည်သွားပါတယ်။ လဲကျသွားတဲ့ ကတုံး ပြန်ထမလာခင် မီးတောက်ရဲ့ လက်သီးချက်တွေက တစ်ချက်ပြီးတစ်ချက် ထိုးနှက်တိုက်ခိုက်တော့တယ်။ အမှေနဲ့ ကျွန်တော်ဟာ မီးတောက် ကတုံးကို စိမ်ပြေနပြေ ထိုးနေတာကို သွေးအေးအေးနဲ့ ကြည့်နေပေမယ့် အဖေကတော့ နီရဲဖူးယောင်နေတဲ့ ကတုံးကို လှမ်းကြည့်ရင်း ...

"တော်လောက်ပါပြီ ... မောင်ရင်"

လို့ လှမ်းဟန့်ပါတယ်။

မီးတောက်ကို ကြည့်လိုက်တော့ မျက်နှာပေါ်မှာ ခေါင်းက စီးကျလာတဲ့ သွေးတွေ ချင်းချင်းနီနေတာ တွေ့လိုက်ရပါတယ်။

ဒါကိုတော့ ကျွန်တော် မကြည့်ရက်သလို ကြည့်လည်း မကြည့်ရဲပါဘူး။ ခဏနေတော့ ဆိုင်တစ်ခုလုံး တိတ်ဆိတ်ငြိမ်သက်သွားပါတော့တယ်။ မီးတောက်ဟာ ဒဏ်ရာနဲ့ သွေးတွေကို ဂရုမစိုက်ဘဲ ကျွန်တော်တို့ဆီ ခပ်မတ်မတ် လျှောက်လာပါတယ်။



ဒါပေမဲ့ ဒဏ်ရာတွေကို တောင့်ခံထားရတဲ့ မီးတောက်ခြေလှမ်းတွေဟာ မသွက်လက်ဘဲ ဒရွတ်ဆွဲနေပါတယ်။ ဆိုင်ရှင်ဟာ မီးတောက်ကို တွဲထူဖို့ သွားပေမယ့် မီးတောက်က တွန်းထုတ်လိုက်ပါတယ်။

မီးတောက်ဟာ အတော်ကို စိတ်ဓာတ်ခိုင်မာသူပါ။ သူ လက်ခံလာအောင် အကူအညီပေးမယ့်သူဟာ ကျွန်တော်တို့ရွာ မပြောနဲ့၊ ဒီကမ္ဘာမှာတောင် ရှိမယ် မထင်ပါဘူး။ မီးတောက်ဟာ ဘယ်သူ့အကူအညီမှ လက်ခံတတ်သူ မဟုတ်ပါဘူး။

ဒါပေမဲ့ အဖေကမ်းပေးတဲ့ လက်ကိုတော့ ကျေကျေနပ်နပ် ဆွဲယူလိုက်ပြီး အဖေ့ပခုံးမှာ မှီလိုက်ပါတယ်။ ဒါ ကျွန်တော့်အထင်ပါ။

တကယ်တော့ ဒီလို မဟုတ်ပါဘူး။ မီးတောက်ခေါင်းဟာ အဖေ့ပခုံးပေါ်မှာ ဘေးဘက်ကို လည်ပြီး ကျိုးကျသွားတာပါ။

အဖေဟာ မီးတောက်ကို တစ်ချက်ကြည့်လိုက်ပြီး လက်တစ်ဖက်နဲ့ ဒူးအောက်က သိုင်းလိုက်ကာ ကျွန်

www.burmeseclassic.com

www.burmeseclassic.com



တော့်ကို အိပ်ရာထဲသို့ ပွေ့သွင်းလိုက်တဲ့အတိုင်း မ,ချီပြီး လှည်းပေါ်ကို တင်လိုက်ပါတယ်။

အဖေဟာ ဆိုင်ရှင်ကို ကြည့်လိုက်ပြီး …

"ဒီမယ် … နောင်ကြီး၊ ဒီဆိုင်ရဲ့ အပျက်အစီးတွေ ကျုပ် လျော်ပါရစေဗျာ"

လို့ ပြောလိုက်တော့ ဆိုင်ရှင်က …

"ဘယ်ဟုတ်မလဲ နောင်ကြီးရဲ့၊ ဆိုင်ရဲ့ အပျက်အစီးတွေကို ဦးမိုးကောင်းစာရင်းထဲ ထည့်လိုက်ပါပြီဗျာ၊ ခင်ဗျား လူတစ်ယောက်ကို သုံးလေးယောက်က ဝိုင်းထိုးကြိတ်ကြတာ ကြည့်ရတာ ကျုပ်ကိုယ်ကျုပ် ရှက်မိပါတယ်၊ ဒီကိစ္စ ဘယ်သူလွန်တယ်ဆိုတာ ကျုပ်သိပါတယ် … ကဲ … သွားပေတော့၊ ခင်ဗျားလူ သွေးထွက်လွန်ရင် မကောင်းဘူးဗျ"

လို့ ပြောလိုက်တော့ အဖေက …

"ကောင်းပါလေဗျာ၊ ဒါပေမဲ့ ကျုပ်တို့ လယ်သမားတွေကိုစွ ခင်ဗျားတို့ မြို့အရပ်သားတွေ



အနေနဲ့ အနေသာကြီးပါဗျာ"

လို့ ပြောလိုက်တယ်။ နောက် ဆိုင်ရှင်ကို နှုတ်ဆက်ပြီး ကျွန်တော်တို့ လှည်းမောင်းပြီး ထွက်ခဲ့ကြတော့တယ်။

အဖေဟာ လှည်းမောင်းရင်း မီးတောက်ကို မကြာခဏ လှည့်ကြည့်ပါတယ်။ လှည်းရဲ့ တကျွိကျွိ မြည်သံကို ဖောက်ထွက်ပြီး မီးတောက်ဆီက ရယ်သံကိုလည်း တစ်ခါတစ်ခါ ကြားရတတ်ပါတယ်။ သူဟာ ခပ်မတ်မတ်ထိုင်ပြီး လှည်းလှုပ်ရှားတိုင်း ယိမ်းထိုးလိုက်ပါလာရင်း …

"ကိုအောင်ဒွန်း … ဟိုတစ်ကောင်ကို ခင်ဗျား ဘယ်လိုလုပ်ပစ်လိုက်သလဲ"

လို့ မေးပါတယ်။ အဖေက ဘာမှမပြောဘဲ ပြုံးစေ့စေ့နဲ့ လှည့်ကြည့်တော့ အမေက …

"ဖွဲအိတ်ကြီး ကိုင်ပစ်လိုက်သလို ဆွဲပစ်လိုက်တာပဲ ငါ့မောင်ရေ့"

လို့ ဖြေလိုက်ပါတယ်။

www.burmeseclassic.com

www.burmeseclassic.com



မီးတောက်ဟာ သဘောကျသွားပြီး ခွက်ထိုး ခွက်လန် ရယ်ပါတော့တယ်။

ကျွန်တော်တို့ ရွာစပ်ရောက်တဲ့အခါ မိုးပေါ်မှာ ကြယ်တွေ စုံသလောက်ရှိနေပါပြီ။ ရွာထဲမှာလည်း အိမ်တိုင်း မီးခွက်တွေ ထွန်းကုန်ကြပြီ။

အိမ်ရောက်တော့ အဖေဟာ လှည်း နွား ဖြုတ်နေခဲ့ ကျန်ခဲ့ပေမယ့် မီးတောက်ကတော့ ဒယိမ်းဒယိုင်နဲ့ အိမ်ရှေ့ကွပ်ပျစ်မှာ သွားထိုင်လိုက်ပါတယ်။

အမေဟာ အိမ်ထဲကို ဝင်သွားပြီး မှန်အိမ်လေး ဆွဲပြီး ပြန်ထွက်လာတယ်။

ကျွန်တော့်ကို အိမ်ရှေ့ သောက်ရေအိုးကြီးထဲက ရေတစ်မှုတ်ခပ်ခဲ့ဖို့ လှမ်းပြောပြီး အမေ မီးမွှေးနေပါတယ်။

အဲဒါ မီးတောက်အနာကို ဆေးကြောဖို့ ရေနွေး တည်တာပါ။ မီးတောက်ခေါင်းက ဆံပင်တွေဟာ သွေးစေးနဲ့ ကပ်နေပြီး မျက်နှာမှာလည်း သွေးတွေခြောက်ပြီး အကွက်လိုက်ကြီး ရှိနေပါတယ်။



အမေဟာ ရေနွေးထဲမှာ အဝတ်စကို နှစ်ပြီး သွေးတွေကို သေသေချာချာ ဆေးကြောပေးပါတယ်။

ကျွန်တော်လည်း ညှီစို့စို့သွေးနံ့တွေ ရနေတာကို သတိမေ့ပြီး အမေ ဆေးထည့်ပေးတာကို ရပ်ကြည့်နေမိပါတယ်။

အဲဒီအချိန်မှာ နွားတွေ ခြံထဲသိမ်းပြီး ဝင်လာတဲ့အဖေက ...

"ပတ်တီးမစည်းနဲ့ဟေ့၊ ဒီအချိန်မှာ ပတ်တီးစည်းလိုက်ရင် အနာဝ ပိတ်ပြီး ပိုဆိုးသွားလိမ့်မယ်"

လို့ အော်ပြောလိုက်ပါတယ်။ အမေက မျက်စောင်းထိုးရင်း ...

"ကျုပ် သိပါတယ်တော်၊ ကျုပ်အဖေက ဆေးဆရာဆိုတာ ရှင် မေ့နေပြီလား"

လို့ ပြန်ပြောလိုက်ပါတယ်၊ မီးတောက်က...

"ဒီညနေ ... ကိုအောင်ဒွန်းလည်း လူစွမ်းကောင်း ဖြစ်ခဲ့တာပဲဗျ"

www.burmeseclassic.com

www.burmeseclassic.com



လို့ ပြောပါတယ်။

အဖေက ဆေးပြင်းလိပ်ကြီးကို ဖွာရင်း …

"ဝင်ဖျန့်တာလောက်ပါပဲကွာ၊ ကတုံးကောင်ဟာ ကျုပ်ထက် အများကြီးသန်မာတယ်၊ မောင်ရင်က သွက်သွက်လက်လက် ထိုးနိုင်တာ ချီးကျူးပါရဲ့"

လို့ ပြောတော့ အမေက ခေါင်းကိုညိတ်ရင်း…

"အစစ်ပဲပေါ့ရှင်၊ ဦးမိုးကောင်းတပည့်တွေတော့ ကျုပ်တို့မောင်နဲ့တွေ့မှ ဒုက္ခတဖြစ်ရတော့တယ်"

လို့ ပြောပြီး တဟင်းဟင်း ရယ်နေတော့တယ်။

မီးတောက်က …

"တျွန်တော်တို့သာ မဟုတ်ဘူး၊ ဒီလို ရန်ပွဲမျိုးကို ကြည့်ရဲတဲ့ အစ်မကြီးကိုလည်း ချီးကျူးရမှာပါပဲ"

အမေဟာ စိတ်မကောင်းပုံ ပေါက်နေပေမယ့် ခပ်ပြုံးပြုံးပဲ နေ,နေပါတယ်။



မီးတောက်က အဖေနဲ့ အမေ့ကို တရင်းတနှီးနဲ့ ခေါ်ပြောဆက်ဆံလာတာ ကျွန်တော် သတိထားလိုက်မိပါတယ်။

အဖေဟာ ဘာမှဝင်မပြောတော့ဘဲ ဆေးပြင်းလိပ်ကိုသာ တွင်တွင် ဖွာရှိုက်နေပါတယ်။

www.burmeseclassic.com



[၇]

ရေစည်နဲ့ နွားစားကျင်းတွေကို ရေနဲ့ဆေးသုတ်ရင်း အဖေနဲ့ မီးတောက်တို့ ပြောဆိုတိုင်ပင်နေတဲ့ကိစ္စကို ကျွန်တော် နားမလည်နိုင်အောင် ဖြစ်နေရပါတယ်။ မြို့သွားရင်း မီးတောက်နဲ့ ဦးမိုးကောင်းတပည့်တွေ ပြဿနာဖြစ်ခဲ့တဲ့နောက်ပိုင်း ဦးမိုးကောင်း တပည့်တွေဟာ အတော်လေး ခြေငြိမ်နေခဲ့ပါတယ်။ ထန်းရည်ဆိုင်ဘက်မှာတောင် မြင်းဟီသံနဲ့တူတဲ့ သူတို့ရဲ့ ရယ်မောပြောဆိုသံတွေကို မကြားရတော့ပါဘူး။

ကျွန်တော်တို့ လယ်ကွင်းတွေဘက်လည်း သိပ်မလာကြတော့ဘူး။



ကျွန်တော် ဘုန်းကြီးကျောင်းကအပြန် သတင်းကြားတာတော့ ဦးမိုးကောင်း ခရီးထွက်သွားပြန်ပြီ ဆိုတာပါပဲ။ ဒီတစ်ခါ ခရီးအတော်ကြာမယ်လို့လည်း ရွာသားတွေက ထင်ကြေးနဲ့ ပြောနေကြပါတယ်။

အဖေနဲ့ မီးတောက်ကတော့ အရင်ထက်ပိုပြီး သတိဝီရိယထားတာကို တွေ့ရပါတယ်။ သူတို့ဟာ လယ်ထဲမှာ လိုတာထက်ပိုပြီး မနေတတ်ပါ။ ညနေစောင်း နေဝင်ဖြိုးဖြဖြအချိန်မှာလည်း ခါတိုင်းလို အိမ်ပြင်မှာ စကားစမြည် ပြောလေ့မရှိတော့ချေ။

မီးတောက်ဟာ ထုတ်မကိုင်တာကြာပြီဖြစ်တဲ့ ဓားကြီးကို ကျောက်ပြားပေါ်မှာ သွေးနေတာကိုလည်း မကြာခဏ မြင်ရပါတယ်။ အဖေနဲ့ မီးတောက်ရဲ့ ပြင်ဆင်မှုတွေကို ကြည့်ပြီး ကျွန်တော့်အတွက် ပိုပြီး ရှုပ်ထွေးလာစေပါတယ်။ ဒါကြောင့် ...

"ဦးမိုးကောင်းတို့နဲ့ ဖြစ်တဲ့ကိစ္စက ပြီးသွားပြီ မဟုတ်လား အဖေ"

လို့ မေးလိုက်မိပါတယ်။

www.burmeseclassic.com

www.burmeseclassic.com



''ဘယ်ကလာ ပြီးရဦးမှာလဲ၊ အခုမှ ပွဲကြီး ပွဲကောင်း အစရှိသေးတယ်''

ကြားဝင်ဖြတ်ပြောလိုက်ပါတယ်။

မီးတောက်က ရေနွေးကြမ်းပန်းကန်ကို မော့ သောက်လိုက်ပြီး …

''အခြေအနေဟာ ငြိမ်သက်နေရင် မကောင်းဘူးကွဲ့၊ လှုပ်ရှားဆူပူနေရင် ဘာတွေဖြစ်နေတယ်လို့ အကဲခတ်လို့ရပေမယ့် ငြိမ်သက်နေတဲ့ အခြေအနေတစ်ရပ်ကို အကဲခတ်ရတာ မလွယ်လှဘူး''

''အင်း … မိုးကောင်းဟာ တော်ရုံတန်ရုံလူ မဟုတ်ဘူး၊ သူဟာ ကိစ္စတစ်ခုကို လွယ်လွယ် အရှုံးပေးမှာလည်း မဟုတ်ဘူး၊ သူ ခရီးထွက်သွားတာ အကြံတော့ရှိရမယ်၊ သူပြန်လာရင်တော့ … တစ်ခုခုပဲ''

အဖေက မီးတောက်စကားကို ဝင်ထောက် လိုက်ပြန်တယ်။ ဆက်ပြီး …



''သူဟာ တစ်မျိုးတစ်ဖုံတော့ ဒုက္ခပေးဖို့ ကြံလိမ့်မယ်၊ ဥပဒေပိုင်းကပဲ ဖြစ်ဖြစ်ပေါ့''

လို့ ပြောပါတယ်။ အမေဟာ အဖေနဲ့ မီးတောက်ပြောတာကို တစ်ချိန်လုံး နားထောင်ရင်းက …

''ရှင်တို့ပြောတာ ဖြစ်နိုင်ပါတယ်''

လို့ ဝင်ပြောလိုက်ပါတယ်။

နောက်တစ်နေ့မှာ အဖေ့မိတ်ဆွေ ဦးတင်ငွေ ရောက်လာပြီး ဦးမိုးကောင်း ပြန်ရောက်လာပြီဆိုတဲ့ အကြောင်း သတင်းလာပေးပါတယ်။ ဦးမိုးကောင်းနဲ့ အတူ လူစိမ်းတစ်ဦးပါ ပါလာတယ်ဆိုတာလည်း သိလိုက်ရတယ်။ ဦးမိုးကောင်းနဲ့ ပါလာတဲ့လူဟာ နှုတ်ခမ်းမွေး ကျင်စွယ်ထားပြီး သူ့နောက်ကျောမှာ ဆောင်ဓားတစ်လက် လွယ်ထားတယ်ဆိုတာလည်း ပါတယ်။

ဦးတင်ငွေ ပြောပုံအရ ဦးမိုးကောင်းဟာ အဲဒီလူကို အတော်လေး အရေးပေးဆက်ဆံတယ်ဆိုတဲ့အတွက် အဖေနဲ့ မီးတောက်ဟာ တော်တော်ကို စိတ်ဝင်စားနေကြတယ်။ ဦးတင်ငွေက …

www.burmeseclassic.com

www.burmeseclassic.com



"အဲဒီလူရဲ့ မျက်နှာက မှုန်တေတေနဲ့ဗျ၊ မိုးကောင်းတပည့်တစ်ယောက်ကတော့ သူ့ကို ငွေမောင်းလို့ ခေါ်တာ ကြားလိုက်ရတယ်၊ ကျုပ်လည်း ထန်းရည်ဆိုင်မှာ ဝင်ပြီး သတင်းထောက်လိုက်တော့ ဒီလူဟာ အောက်အရပ်က လူသတ်ပြီး ထွက်လာသလိုလို ဘာလိုလို သတင်းကြားတာပဲ၊ ဒီကောင့်ကြည့်ရတာ တောကြောင်လား၊ ကြေးစားလားပဲဗျ"

မိုးတောက်က စဉ်းစားသလို မျက်မှောင်ကြုတ်ရင်းက …

"အခု ကိုအောင်ဖေ ဘယ်မှာလဲ"

လို့ အဆက်အစပ်မရှိ ကောက်ခါငင်ခါ မေးလိုက်ပါတယ်။ အားလုံး ကြောင်တောင်တောင် ဖြစ်သွားပါတယ်။ အဖေက …

"အောင်ဖေ လယ်ပွဲက ကျုပ်လယ်ပွဲနဲ့ တစ်ဆက်တည်းပါပဲ"

လို့ ပြောလိုက်ပါတယ်။



"ဒါဆို သူ့ကို သတိပေးဖို့ လိုလိမ့်မယ်"

အဖေဟာ မိုးတောက် ဆိုလိုရင်းကို သဘောပေါက်သလိုပြုံးနေခဲ့ပါတယ်။ ပြီးတော့ ခေါင်းတစ်ချက်ညိတ်ရင်း …

"မိုးကောင်း … မိုးကောင်း … တစ်ရွာတည်းသားတွေကို ရင်ဆိုင်ဖို့ ဒီလောက်ကြံစည်ဖို့ လိုသလား"

လို့ ညည်းညူနေပါတယ်။ ဦးတင်ငွေ ပြန်သွားပြီး ခဏအကြာမှာတော့ ကျွန်တော်တို့ အိမ်ဖက်ကို မြင်းတစ်ကောင် ဒုန်းစိုင်းစီးလာတာကို တွေ့လိုက်ရပါတယ်။ မြင်းကို အိမ်ရှေ့သရက်ပင်များမှာ ပြီးစလွယ် ချည်ခဲ့ပြီး အိမ်ပေါ်ကို ခပ်သုတ်သုတ် တက်လာတဲ့လူဟာ အတော်ကို ပင်ပန်းနွမ်းနယ်နေတဲ့ပုံပါ။ ခေါင်းပေါင်းနဲ့ ချွေးတွေကို သုတ်လိုက်ပြီး …

"ကိုအောင်ဖေ ဓားနဲ့အထိုးခံရလို့"

ခရီးရောက်မဆိုက် ပြောချလိုက်တဲ့ စကားကြောင့် ကျွန်တော်တို့အားလုံး တုန်လှုပ်သွားကြပါတယ်။

www.burmeseclassic.com

www.burmeseclassic.com



အမေဟာ ထိုင်နေရာမှ ဝုန်းခနဲ ထလိုက်ပြီးမှ စိတ်ကို ချုပ်တည်းလိုက်တဲ့ပုံစံ ပြန်ထိုင်ပြီး …

"ဘယ်လိုဖြစ်တာလဲ လွန်းမောင်"

လို့ မေးလိုက်ပါတယ်။

"ကျုပ်နဲ့ ကိုအောင်ဖေနဲ့ လယ်ထဲမှာ ရိုးပြတ်တွေ သိမ်းတုန်း မိုးကောင်းရောက်လာပြီး ကိုအောင်ဖေလယ်ကို ဝယ်မယ်ဆိုတဲ့အကြောင်း ပြောတော့တာပဲ၊ ကိုအောင်ဖေက ကျုပ် လယ်ကွက်ကို ရောင်းဖို့လည်း စိတ်မကူးဘူး၊ ဘယ်တော့မှ မရောင်းဘူးလို့ ခပ်ပြတ်ပြတ် ပြောလိုက်တယ်၊ အဲဒီလိုပြောတုန်း ငွေမောင်းက မရောင်းဘူးဆိုတော့ အလကားပေးမယ့်သဘောလားလို့ဝင်အပြောမှာ ကိုအောင်ဖေ ဒေါသထွက်ပြီး ရိုးပြတ်ခုတ်တဲ့ဓားနဲ့ ငွေမောင်းကို ခုတ်ဖို့အလုပ်မှာ ငွေမောင်းက ဓားနဲ့ ထိုးတော့တာပဲ၊ ပြီးတော့ ပြောသေးတယ်၊ အောင်ဖေလို ခေါင်းမာတဲ့ကောင်တွေရဲ့လယ်ကိုရအောင်



ယူပြမယ်တဲ့၊ ငွေပေးလို့မရရင် သွေးလမ်းခင်းပြီး ယူမယ်တဲ့"

"တောက်"

မီးတောက်ဟာ တောက်တစ်ချက် ခေါက်လိုက်ပြီး တစ်နေရာကို စူးစိုက်ကြည့်နေတယ်။ အမေက …

"မင်းကရော …"

လို့ မေးလိုက်တော့ …

"ကျွန်တော်လည်း ကြောက်ပြီး ဒီကို အခုပြေးလာမိတာ"

လို့ မောကြီးပန်းကြီးနဲ့ ပြောပြရှာတော့တယ်။ ခဏအကြာမှာ ဦးတင်ငွေ ပြန်ရောက်လာတယ်။ ကျွန်တော်တို့အိမ်ကို လယ်သမားတွေ အပြေးအလွှား ရောက်လာကြပြီး ဦးအောင်ဖေ့သတင်းအတွက် အတော်လေး တုန်လှုပ်နေကြရတယ်။

ကျွန်တော်လည်း အမေ့နားကို တိုးကပ်နေရတယ်။ အမေက ကျွန်တော် ကြောက်နေတာသိတော့ ခပ်တင်းတင်း ဖက်ထားပေးတယ်။

www.burmeseclassic.com

အဖေက …

"ကျုပ်တို့ ဒါကို ရင်ဆိုင်ရမှာပဲ၊ ဒီတောကို ထွင်တုန်းက ကျုပ်တို့မိဘတွေ ဘယ်လိုဒုက္ခခံခဲ့ရသလဲဆိုတာ ခင်ဗျားတို့အသိပဲ၊ သူတို့လို လူပေါ်ကြော့တွေ လက်ထဲကို လွယ်လွယ်ထည့်ပေးဖို့ ဒုက္ခဆင်းရဲခံခဲ့တာ မဟုတ်ဘူး၊ သူတို့လက်ထဲကို အရောက်မခံနိုင်ဘူး၊ ကျုပ်တို့ လယ်တွေယာတွေ သွေးနဲ့ဖုံးသွားပါစေ … ကာကွယ်ရမှာပဲ"

ဦးတင်ငွေနဲ့ လယ်သမားတချို့မှာ ဒေါသကြောင့် မျက်နှာများ နီရဲနေကြပါတယ်။ လက်စားချေလိုစိတ်များ တက်ကြွနေဖုံပါပဲ။

ဦးလွန်းမောင်က …

"ဟုတ်တယ် … ကိုအောင်ဒွန်း၊ ကျုပ်တို့က လယ်သမားတွေ၊ တိုက်ရေးခိုက်ရေးကို ကျုပ်တို့ မတတ်နိုင်ပေမယ့် အခု သူတို့ဖက်က လူသတ်ကုန်ပြီ"



"ဒါ မှန်တယ်၊ အခုတော့ ခင်ဗျားတို့ ပြန်ကြပါဦး၊ သိပ်လည်း စိတ်ပူမနေပါနဲ့၊ ကျုပ်တို့ သွေးအေးအေးထားပြီး စဉ်းစားကြမယ်"

မီးတောက်က ဝင်ပြောလိုက်ပါတယ်။ လယ်သမားတစ်ဦးက …

"ဘယ်လိုသွေးအေးတာမျိုးလဲ … ကိုရင်၊ ကျုပ်တို့ လူသေတာကို အင်္ဂလိပ်မင်းကို တက်တိုင်ရမှာမျိုးလား"

လို့ဒေါနဲ့မောနဲ့ ပြန်မေးလိုက်ပါတယ်။မီးတောက်က ဘာမှပြန်မပြောပါဘူး။ အဖေကတော့ တစ်ခုခုကို စဉ်းစားတွေးတောနေပုံနဲ့ ငေးနေလေ တယ်။ ပြီးမှ …

"ကျုပ်တို့ ကိုအောင်ဖေ အသုဘကိစ္စကို အေးအေးချမ်းချမ်းဖြစ်အောင် စီစဉ်ရဦးမယ်"

"ကိုအောင်ဒွန်း … ခင်ဗျား ဒီကိစ္စမှာ ရှောင်နေဖို့ လိုမယ်နော်"

လယ်သမားတစ်ယောက်ရဲ့ စကားကို အဖေက လက်မခံဘဲ …

www.burmeseclassic.com

www.burmeseclassic.com



"လူတစ်ယောက်ဟာ ကြွက်လို အမြဲတွင်း အောင်းပုန်းမနေနိုင်ဘူးဗျ၊ ကျုပ် သူတို့နဲ့ ထိပ်တိုက် မတွေ့အောင် ဆင်ခြင်နေခဲ့တာ ကြာပြီ၊ လူဆိုတာ အသက်ရှင်ဖို့ချည်းပဲ စိတ်ထဲ ထည့်ထားလို့မှ မရတာ ..."

မီးတောက်ဟာ တစ်စုံတစ်ခုကို တွေ့ခဲ့ပုံမျိုးနဲ့ လေးလေးနက်နက် တွေးနေပါတယ်။ အဖေ့ကို ကြည့်လိုက်မြန်တော့လည်း သက်ပြင်း မကြာခဏ ချနေသည်ကို တွေ့လိုက်ရပါတယ်။

မီးတောက်ဟာ ဘယ်ရွာနှန်းကမှ ရှုံးနိမ့်ဖူးသူ တစ်ယောက်မဟုတ်ဘူးလို့ အဖေက မကြာခဏ ပြောလေ့ရှိပါတယ်။

ဒါကြောင့် ကျွန်တော်တို့ဆီရောက်မှ သူ ရှုံးနိမ့်အညွှန်ခံရမှာကို ကျွန်တော် မမြင်လိုပါ။ ဒါကြောင့် ကျွန်တော့်အဖေကို ပြောလိုက်ပါတယ်။

"အဖေ ... ဦးလေးဟာ ထွက်ပြေးမယ့်လူစား မဟုတ်ဘူး၊ ကျွန်တော်တို့ဆီက သူ ထွက်ပြေး



မှာ မဟုတ်ဘူး"

အဖေဟာ ကျွန်တော့်ကို မျက်မှောင်ကုပ်ပြီး ကြည့်နေပါတယ်။

"ဟုတ်တယ် ... နီတွတ်လေးပြောတာ မှန်တယ်၊ ကျွန်မတို့အနေနဲ့ သူ သိက္ခာကျစေတာမျိုး အဖြစ်မခံနိုင်ဘူး"

အမေဟာ ငြိမ်နေရာကနေ ဝင်ပြောလိုက်ပါတယ်။ မီးတောက်ကတော့ ကျွန်တော့်ခေါင်းကို ပွတ်သပ်ပြီး ဆံပင်တွေကို ထိုးဖွကစားနေပါတယ်။

"ခင်ဗျားတို့ယာမြေတွေအတွက် ကျုပ် ဒီမှာ ဆက်ရှိနေဦးမှာပါ"

လို့လည်း အားပေးစကား ပြောပါသေးတယ်။

အဖေနဲ့ အမေဟာ ကျွန်တော့်ကို အိပ်ရာထဲ ပို့ပြီးတဲ့အထိ စကားဆက်ပြောနေကြတုန်းပါပဲ။ အတော်ညဥ့်နက်တဲ့အထိ အဖေနဲ့ အမေတို့ရဲ့ စကားသံတွေကို ကျွန်တော် ကြားနေရပါတယ်။

www.burmeseclassic.com

www.burmeseclassic.com



[၈]

နောက်တစ်နေ့မနက်မှာတော့ ကျွန်တော်တို့ဟာ အမေစီစဉ်ပေးတဲ့ အဆာပြေကို အစောကြီး စားကြရပါတယ်။ အဖေနဲ့ မီးတောက်ဟာ ဦးအောင်ဖေ အသုဘကိစ္စကို ဆောင်ရွက်ဖို့ လှည်းနဲ့ ထွက်သွားကြပါပြီ။

ကျွန်တော်ကတော့ ခါတိုင်းနေ့တွေလို ကစားဖို့ စိတ်မပါဘဲ လမ်းကိုပဲ ငေးကြည့်နေမိပါတယ်။

အမေဟာ နောက်ဖေးစိုက်ခင်းထဲမှာ မုန်လာခင်းထဲက မြက်တွေ သွားနုတ်နေပြီး နေခင်းဘက်ရောက်တဲ့အခါမှာတော့ အာတာလွှတ်ဥတွေ ပြုတ်ကျွေးပါတယ်။



ပြီးတော့ ကျွန်တော့်အဘိုး သူ့ယောက္ခမတွေ အကြောင်းကို ပြောပြပါတယ်။

အဘိုးဟာ အခုလုပ်နေတဲ့ ကျွန်တော်တို့လယ်တွေကို အချိန်အတော်ကြာအောင် တောတိုးပြီး ထွင်ခဲ့ရတဲ့အကြောင်းတွေပါ။

အဘိုးဟာ မနက်မိုးမလင်းခင်က အိမ်က ထွက်သွားပြီး ညနေမိုးချုပ်မှ ပြန်လာရတဲ့အတွက် အဘွားချက်ကျွေးတဲ့ ဘူးသီးတောင် ဘယ်ကရမှန်း မသိဘူးတဲ့။

ကျွန်တော်က အဲဒါဘာအဓိပ္ပာယ်လဲ အမေလို့ မေးတော့ ...

"ဩော် ... သားရယ်၊ မိုးလင်းမိုးချုပ် လယ်ချီပြီး အိမ်မှာမရှိတော့ အိမ်မှာ စိုက်ပျိုးထားတဲ့ အပင်တွေ သီးတာပွင့်တာတောင် မသိဘူးပေါ့"

လို့ရယ်ရင်း ရှင်းပြပါတယ်။ အဲဒီတောတိုးတုန်းက ကျားတွေ ဘာတွေလည်း တွေ့ရတယ်ဆိုတာကို ကျွန်တော် မေးလိုက်မိသေးတယ်။

www.burmeseclassic.com

www.burmeseclassic.com



"အင်း … မင်းအဘိုးနဲ့အတူ တေးမ ခါးချတိုးတဲ့ ခေါင်းပေါင်းဖိုးကျင်ဆိုတဲ့ လူကြီးတော့ တောထဲမှာ ပိုးထိပြီး ဆုံးသွားတယ်တဲ့"

လို့ တွေးတွေးဆဆနဲ့ ပြောပါတယ်။

"အဲဒီအချိန်တုန်းက ရွာထဲက လူတွေက တောတိုးတဲ့လူတွေကို အရူးတွေလို့တောင် ပြောကြတယ်တဲ့၊ မြေရိုင်းတွေမှာ စိုက်လို့မရနိုင်ဘူးဆိုတာရော၊ တောထဲက အပင်ကြီးတွေကိုခုတ်ရင် ဘေးတွေ့မယ်ဆိုတာတွေရော ပြောကြတာ ခုံနေတာပဲတဲ့၊ အမေတို့ကငယ်တော့ အဲဒါတွေ မသိပါဘူး၊ သား အဘွားတွေ ပြန်ပြောပြလို့ သိရတာ"

"ဒီရွာမှာ အဖေက လယ်တွေအများဆုံး ပိုင်တယ်နော် အမေ"

ကျွန်တော်က ဂုဏ်ယူဝင့်ကြွားစွာ ပြောလိုက်ပါတယ်။

"သားအဘိုး ကျေးဇူးတွေပေါ့ကွယ်"



လို့ အမေက ပြန်ဖြေပါတယ်။

ညနေစောင်းချိန်မှာတော့ အဖေနဲ့ မီးတောက်တို့ ပြန်လာကြပါတယ်။ အဖေဟာ ဦးအောင်ဖေရဲ့ အသုဘကိစ္စကို ကောင်းကောင်းမွန်မွန် ဆောင်ရွက်ခွင့်ရတဲ့အတွက် အားရကျေနပ်နေပုံပါပဲ။

"လူအတော်စည်တယ်ဗျာ၊ ရွာနီးနားချင်းတွေရော၊ ကိုအောင်ဖေ့ မိတ်ဆွေက အတော်များသွားပဲ"

လို့ မီးတောက်က နွားဖြုတ်ရင်း ပြောပါတယ်။

"ပြီးတော့ … ကိုအောင်ဒွန်းကိုလည်း လေးစားကြတယ်ဗျ၊ သူကြီးရွေးရင်တော့ ကိုအောင်ဒွန်းဖြစ်ဖို့ များတယ်"

"ဘာလဲ … ဆယ်နှစ်ရွာ ကာကွယ်ရေး သူကြီးချုပ်မျိုးလား"

လို့ အမေက ပြောပြီး ရယ်နေပါတယ်။ အဲဒီအချိန်မှာ ကျွန်တော်တို့ခြံထဲကို မြင်းများဝင်လာသံကို ကြားလိုက်ရတာမို့ ပြတင်းပေါက်ကနေ ပြေးထွက်ပြီး

www.burmeseclassic.com

www.burmeseclassic.com



လှမ်းကြည့်လိုက်ပါတယ်။ မီးတောက်ဟာ ကျွန်တော် လျှင်မြန်တာထက် ပိုပြီးပါးနပ်ပါတယ်။

"ကိုအောင်ဒွန်း၊ အဲဒါ မိုးကောင်းတို့ လူသိုက်ပဲ ဖြစ်လိမ့်မယ်ဗျ၊ ခင်ဗျား ခပ်အေးအေးသာနေ၊ သူ့ဖက်က အတင်းအကျပ် မလုပ်လောက်သေးပါဘူးဗျာ"

လို့ အေးအေးဆေးဆေး ပြောပြီး အိမ်ရှေ့ခန်းမှာ သက်သောင့်သက်သာပဲ ထိုင်နေပါတယ်။ အဖေက ဝုန်းခနဲ ထရပ်ပြီး အိမ်ဘေးမှာ ရေလယ်ဆောင် ထုတ်ထားတဲ့ ထရံက ဓားရှည်ကို ဆွဲထုတ်ဖို့ ပြင်လိုက်ပါတယ်။

ဒါပေမဲ့ အမေက အဖေ့ထက် ပိုပြီး လက်မြန်ပါတယ်။ ဓားဆွဲထုတ်ဖို့ပြင်နေတဲ့ အဖေ့လက်ကို အုပ်ကာလိုက်ပြီး မျက်နှာထိမျက်နှာထားနဲ့ ခေါင်းယမ်းပြလိုက်ပါတယ်။

အဖေက ဘာမှမပြောတော့ဘဲ အိမ်ဝကို ထွက်သွားပါတယ်။ အဖေ့နောက်မှာ မီးတောက်လည်း ကပ်လိုက်သွားပါတယ်။ အမေကတော့ ကျွန်တော့်ဘေးနားမှာ



ကပ်ပြီး ပြတင်းပေါက်ကနေ အပြင်ကို လှမ်းကြည့်နေလေရဲ့။

ဦးမိုးကောင်းဟာ အရင်မြင်နေကျလို မဟုတ်ဘဲ ပိုးပဝါကို အကျအန ပေါင်းထားပြီး သပ်သပ်ရပ်ရပ် ဝတ်စားထားပါတယ်။ မြေယာတွေအများကြီးပိုင်တဲ့ အဖေ့ထက်ပိုပြီး သားနားပါတယ်။ ဦးမိုးကောင်းကို ယခုနှစ်အတွင်းမှာ ပထမဆုံးအကြိမ် အနီးကပ်မြင်ဖူးတာမို့ ကျွန်တော် အသေအချာကို ကြည့်မိပါတယ်။ သူဟာ မြင်းပေါ်ကမဆင်းဘဲ အဖေ့ကို ခပ်စင်းစင်း ကြည့်နေပုံမှာ အတော်အမြင်ကပ်စရာ ကောင်းပါတယ်။ သူ့ရဲ့ နှုတ်ခမ်းမွေးအစုံဟာ သူ့ကိုပိုပြီး လေးနက်ခန့်ညားစေပြီး ဘယ်သူ့ကိုမှ ဂရုစိုက်စရာမလိုဟူသော မျက်လုံးများနဲ့ ကြည့်တတ်တာကို သတိပြုမိပါတယ်။

ဦးမိုးကောင်းဟာ တစ်ချက်ပြုံးလိုက်ပြီး ...

"ကိုအောင်ဒွန်းရေ ... ခုလိုတွေ့ဖြစ်သွားတာကို ကျုပ် စိတ်မကောင်း ပါဘူး၊ အောင်ဖေ့လို အဖြစ်မျိုး ခင်ဗျားကို ထပ်မဖြစ်စေချင်ဘူးဗျာ၊

www.burmeseclassic.com

www.burmeseclassic.com



အမှန်တော့ အောင်ဖေဟာ ဒေါ်သရှေ့ထားခဲ့လို့ အခုလို ဖြစ်ရတာပဲ၊ ပြီးတော့ ကျုပ်မိတ်ဆွေကို လူသတ်သမား၊ ဓားပြကောင်လို့ ပြောတယ်၊ ငွေမောင်းဟာ ဒေါ်သ ထွက်လွန်းလို့ အခုလို လုပ်လိုက်မိတာပါ၊ တကယ်တော့ဒီလို မပြောသင့်ဘူး မဟုတ်လား''

''ဟုတ်တယ်၊ ကိုအောင်ဖေဟာ အမှန်တရားကို အမြဲပြောလေ့ရှိတယ်''

အဖေ့စကားကြောင့် ငွေမောင်းဆိုသူရဲ့ မျက်နှာဟာ ညှိုမည်းသွားတယ်လို့ ကျွန်တော် ထင်မိပါတယ်။ အံကို တင်းတင်းကြိတ်လိုက်တာလည်း တွေ့လိုက်ရတယ်။ အဖေကတော့ ဒါကို မြင်ပုံမပေါ်ပါဘူး။ သူ့ကို ကြည့်လည်း မကြည့်ပါဘူး။

''မင်းပြောချင်တာ ပြောပြီးရင် ငါ့မြေပေါ်က ထွက်သွား''

အဖေက ဦးမိုးကောင်းကို ခပ်မာမာပဲ နှင်ထုတ်လိုက်ပါတယ်။



ဦးမိုးကောင်းက ဒေါ်သအရမ်း ထွက်သွားပေမယ့် ချုပ်ထိန်းလိုက်ရတဲ့ပုံနဲ့ …

''ဒီမှာ အောင်ဖွန်း၊ ငါတို့ စကားများဖို့ လာခဲ့တာ မဟုတ်ဘူး၊ မင်းဟာ မြေတွေအများကြီး ပိုင်တဲ့လူပဲ၊ မင်း ငါ့အခက်အခဲကို နားလည်ချင်မှ နားလည်မယ်၊ ငါလိုချင်တာ မင်းရယ်၊ နောက်ပြီး မင်းရဲ့လူ အလုပ်ကောင်းကောင်းလုပ်တာ ငါသိတယ်၊ ရွှေမိုင်းနေရာမှာ သူ့ကို အလုပ်ခန့်ချင်တယ်''

ဦးမိုးကောင်းစကားကြောင့် အဖေဟာ အံ့အားသင့်ပြီး မီးတောက်ကို လှည့်ကြည့်ပါတယ်။

မီးတောက်က …

''မလုပ်နိုင်ဘူး''

လို့ အသံခပ်တိုးတိုးနဲ့ ငြင်းဆိုလိုက်ပါတယ်။

''ပြီးတော့ ဒီနေရာကို တန်ရာတန်ကြေး ပေးဝယ်မယ်''

''မရောင်းဘူးကွ''

www.burmeseclassic.com

www.burmeseclassic.com



ဦးမိုးကောင်းမျက်နှာမှာ နီရဲသွားပါတော့တယ်။

"မင်း စဉ်းစားဖို့ ဒီတစ်ည အချိန်ပေးမယ်"

ပြောပြောဆိုဆို သူမြင်းဇက်ကြိုးကို တုန့်ဆွဲပြီး လမ်းမဘက်ကို ထွက်သွားတော့တယ်။ ငွေမောင်းဆိုသူက ..

"ခင်ဗျား စဉ်းစားပေါ့၊ ခင်ဗျား မိသားစုက ဒီနေရာမှာ လူသစ်ရောက်လာမှာတော့ မလိုချင်ဘူး မဟုတ်လား"

လို့ မခံချင်အောင် ပြောလိုက်တယ်ဆိုရင်ပဲ အဖေဟာ ဒေါသတကြီးနဲ့ ရိုးပြတ်ရမ်းဓားကောက်ကြီးကို ပြေးဆွဲပါတယ်။

အဲမေနဲ့ မီးတောက်ဟာ အဖေ့ကို ဆွဲထားလိုက်ရတယ်။ ငွေမောင်းဟာ အော်ဟာစ်ရယ်မောပြီး မြင်းကို ဒုန်းစိုင်းစီးထွက်သွားတော့တယ်။ ကျွန်တော်တို့အားလုံး ငြိမ်သက်တိတ်ဆိတ်ပြီး အချိန်အတော်ကြာ စကားမပြောနိုင်အောင် ဖြစ်နေကြပါတယ်။



[၉]

မီးတောက်နဲ့ အဖေဟာ တစ်ယောက်နဲ့ တစ်ယောက် စကားမပြောကြဘဲ အတွေးကိုယ်စီနဲ့ ငြိမ်သက်နေကြပါတယ်။

ကျွန်တော်ဟာ တစ်မနက်လုံး နွားတင်းကုတ်ထဲမှာရော၊ မြင်းဇောင်းထဲမှာပါ လျှောက်ကစားနေခဲ့ပါတယ်။ ကျွန်တော် ပြန်လာတဲ့အချိန်ထိ အားလုံး ငြိမ်သက် တိတ်ဆိတ်နေတယ်။

ကျွန်တော်ဟာ လှေကားမှာ ခြေတွဲလောင်းချထိုင်နေတဲ့ အဖေ့ခြေထောက်တွေကို မှီထိုင်နေလိုက်တယ်။

www.burmeseclassic.com



အဖေက ကျွန်တော့်ဆံပင်တွေကို ပွတ်သပ်နေတယ်။

"ငါ ဟိုကောင်တွေနဲ့ သွားရင်ဆိုင်ရမယ်၊ ငါက ဓားသမားလည်း မဟုတ်ဘူး၊ ဒါကြောင့် သူတို့ကို ယှဉ်နိုင်မှာမဟုတ်ဘူး၊ ဒါပေမဲ့ ဒီလို မိုက်ကြေးခွဲတာကို လက်ခံဖို့လည်း ရေရှည် မဖြစ်သေးဘူး၊ ငါ သူတို့ကို ယှဉ်နိုင်မယ်လို့ ငါ့ကိုယ်ငါ ယုံတယ်"

အဖေ့အသံဟာ ခြောက်ကပ်တည်ငြိမ်နေပါတယ်။

အမေကတော့ ...

"အိမ်တစ်အိမ်မှာ အိမ်ထောင်ဦးစီးတစ်ခုခု ဖြစ်ရင် အဲဒီအိမ် ကံဆိုးစေတာပဲ၊ ရှင့်လက်က မြက်ခုတ်တဲ့ဓားကိုပဲ ကောင်းကောင်းကိုင်နိုင်မှာပါ"

လို့ တုန်တုန်ယင်ယင်နဲ့ ပြောလိုက်ပါတယ်။ မီးတောက်ဟာ ကျွန်တော်တို့နောက်နားမှာ ထိုင်နေရင်းမှ



အိမ်တစ်ဖက်ဘေးကို ထွက်သွားပါတော့တယ်။ ကျွန်တော် ခဏတော့ အမှုမဲ့ အမှတ်မဲ့ဖြစ်နေပြီး အတော်လေးကြာမှ မီးတောက်ကို သတိရတော့တယ်။ ဒါကြောင့် မြင်းဖောင်းဘက်ကို ထလိုက်သွားမိတယ်။ ညနေအတော်စောင်းနေပါပြီ။

မီးတောက်ဟာ မြင်းကို အစာကျွေးနေပြီး ကျွန်တော့်ကို မြင်တော့ ...

"မှောင်ရေတော့မယ်ကွ၊ အိမ်ထဲဝင်တော့"

လို့ ပြောလိုက်ပါတယ်။ မီးတောက်ကို ကြည့်ရတာ တစ်ခုခုကို ပြတ်ပြတ်သားသား ဆုံးဖြတ်ထားသလို ရဲတင်းတည်ငြိမ်နေပြီး သွက်လက်လို့ နေပါတယ်။

သူဟာ ကျွန်တော့်ကို ဂရုမပြုဘဲ နွားတဲများဆီသို့ ကွေ့ဝင်သွားပါတော့တယ်။ ကျွန်တော် အိမ်ထဲ ပြန်ဝင်ဖို့ သတိမရဘဲ တစ်ယောက်တည်း စဉ်းစားနေမိတယ်။ နွားတဲတံခါးပေါက်ကို လှည့်ကြည့်မိတော့ မြင်းကုန်းနှီးအထုပ်ကြီးကို ပိုက်ပြီးထွက်လာတဲ့ မီးတော

www.burmeseclassic.com

www.burmeseclassic.com



ကို တွေ့လိုက်ရပါတယ်။ မီးတောက် ဘာလုပ်မယ် ဆိုတာ သိလိုက်ရတဲ့အတွက် ကျွန်တော် သွေးပူသွားတော့တယ်။ အိမ်ထဲကို အတင်းပြေးဝင်သွားပြီး …

"အဖေ … အဖေ … ဦးလေးလက်ထဲမှာ ဓားကြီးနဲ့"

လို့ အော်ဟစ်လိုက်မိတယ်။ မီးတောက်ဟာ ကျွန်တော့်နောက်ကျောမှာ ကပ်ပါလာတာဖြစ်တယ်။ အဖေနဲ့ အမေကတော့ ထမင်းစားဖို့ ပြင်နေရာကနေ တံခါးပေါက်မှာ ရပ်နေတဲ့ မီးတောက်ကို လှမ်းကြည့်ပြီး တစ်ခုခုကို အံ့သြသလို ဖြစ်နေတယ်။

ကျွန်တော် နောက်လှည့်ပြီး အသေအချာကြည့်လိုက်တော့ မီးတောက်ဟာ အိမ်ကို စရောက်လာတဲ့ နေ့ကပုံစံမျိုး ဝတ်စားထားတာကို တွေ့ရတော့တယ်။ သူ့ရဲ့ ကြီးမားလှတဲ့ ဓားကြီးဟာ သူ့ကိုယ်ပေါ်မှာ အထင်ရှားဆုံးအဖြစ် ဝင့်ဝင့်ကြွားကြွား နေရာယူထားပါတယ်။

ဓားကို တခြားလူတွေကို နောက်ကျောမှာ သိုင်းလွယ်မထားဘဲ ခါးပတ်မှာ ချိတ်ထားတဲ့အတွက် ခါးပေါ်



ထောက်တင်ထားတဲ့ သူ့လက်ဟာ ဓားရိုးနဲ့ အနေတော် ဖြစ်နေတော့တယ်။

မီးတောက်ဟာ ဘယ်တုန်းကမှ ဓားကိုင်တာ ကျွန်တော် မတွေ့ခဲ့ဘူးတာမို့ အခုလို ဓားကို အကျအန ဆင်ထွက်လာတဲ့အခါ စိုးရိမ်ပြီး အဖေ့ကို ခေါ်မိတာပဲ ဖြစ်တယ်။

အဖေဟာ ထမင်းစားလုဆဲဆဲ ပြင်နေရာမှ ရုတ်တရက် ထလာပြီး …

"မောင်ရင် … မသွားရဘူး။ ဒီကိစ္စဟာ ကျုပ် ကိစ္စပါ၊ ကျုပ်ကိုယ်တိုင် ရှင်းမယ်"

လို့ အော်ပြောလိုက်ပါတယ်။

"မှားနေပြီ ကိုအောင်ဒွန်း၊ ဒီကိစ္စမှာ ခင်ဗျား ဆုံးဖြတ်တာ မှားနေပြီ၊ ဒါ ကျုပ်လုပ်ရမယ့် အလုပ်ပါ၊ ဒီမိသားစုသံယောဇဉ်နဲ့ ကျုပ် လယ်သမားလုပ်ခဲ့တယ်၊ လယ်သမားဘဝကို ကျုပ် ကောင်းကောင်းနားလည်တယ်၊ ဒါပေမဲ့ လယ်သမားတွေလုပ်လို့မဖြစ်တဲ့ကိစ္စတွေအများရှိတယ်"

www.burmeseclassic.com

www.burmeseclassic.com



"မဟုတ်ဘူး မီးတောက်၊ မောင်ရင်နဲ့ အနေသာကြီးပါ၊ ကျုပ်လက်နဲ့ ရှင်းပါရစေ၊ ကျုပ်ကို အခက်တွေ့အောင် မလုပ်ပါနဲ့"

"မဟုတ်ဘူး ကိုအောင်ဒွန်း၊ ခင်ဗျားလက်ကဓားကိုင်ဖူးကောင်း ကိုင်ဖူးလိမ့်မယ်၊ အဲဒါမြက်ခုတ်ဖို့အတွက်၊ ဒါ ... ကျုပ်အလုပ်ပါ"

"ကျုပ် မောင်ရင့်ကို သွားခွင့်မပေးနိုင်ဘူး၊ မသွားရဘူး"

မီးတောက်ဟာ စကားပြောရင်းကနေ အဖေ့အနားကို တဖြည်းဖြည်း တိုးကပ်လာပြီး ရုတ်တရက်၊ အဖေ့ချိုင်းကို ဓားရိုးနဲ့ အသာဆတ်ရိုက်လိုက်တော့တယ်။ အလစ်ခံလိုက်ရပြီး လဲကျသွားတဲ့ အဖေ့ကို အသာပွေ့ထူရင်း အိမ်ပေါ်ကို တင်ပေးပြီး ...

"ဒီလို မလုပ်မဖြစ်မို့ လုပ်လိုက်ရတာပါ ကိုအောင်ဒွန်းရယ်"

လို့ အသာရေရွတ်နေပါတယ်။ အမေကတော့ မီးတောက်နဲ့ အဖေ့ကို စိုက်ကြည့်နေရုံကလွဲပြီး ဘာမှ



ပြန်မပြောဘူး။ ပြောစရာစကားတွေ လည်ချောင်းထဲမှာ တစ်,ဆို့နေတဲ့ဟန်မျိုး ဖြစ်နေတယ်။

"ကဲ ... ကိုအောင်ဒွန်းကိုသာ ဂရုစိုက်လိုက်ပါ"

ပြောပြောဆိုဆို အိမ်ထဲကနေ လှည့်ထွက်သွားတော့တယ်။ အမေဟာ မီးတောက်ကို တားဆီးဖို့ ပြင်လိုက်ပေမယ့် အသံထွက်မလာပါဘူး။

ကျွန်တော်ကတော့ မီးတောက်နောက်ကို လိုက်သွားချင်တဲ့ စိတ်ဆန္ဒတွေ တဖွားဖွား ဖြစ်ပေါ်နေပါတယ်။ အမေနဲ့ ကျွန်တော်ဟာ သိပ်မဝေးကြတာမို့ ကျွန်တော် ထွက်လိုက်သွားရင် အမေ မြင်သွားနိုင်တယ်လေ။ တစ်ချိတော့ အမေဟာ သတိလစ်နေတဲ့ အဖေ့ကို ပြုစုနေတာမို့ ကျွန်တော် အိမ်ပေါ်က လှစ်ခနဲ ခုန်ဆင်းပြီး အမှောင်ထုတွင်းသို့ ဝင်ရောက်လိုက်တယ်။

မီးတောက်ဟာ မြင်းဇောင်းထဲက မြင်းကို ကုန်းနှီးတင် ပြင်ဆင်နေတာကို မီးရောင်မှိန်မှိန်မှာ မြင်နေရပါတယ်။

www.burmeseclassic.com

www.burmeseclassic.com



ကျွန်တော် အချိန်ဆွဲမနေတော့ဘဲ ခြံဝကို မှောင်ရိပ်ကွယ်ကာ ပြေးထွက်ပြီး ရွာလမ်းအတိုင်း ပြေးခဲ့တော့တယ်။ မီးတောက်ရဲ့ ရှိုးခနဲ လေချွန်သံကို ခပ်သဲ့သဲ့ ကြားလိုက်ရပြီး မြင်းဟီသံကိုလည်း ထပ်ကြားရပါတယ်။ ရွာလမ်းမမှာ ဖုန်တွေ ပြည့်နေတဲ့အတွက် ကျွန်တော့်ပြေးသံဟာ သိပ်ပြီး မဆူညံလှပါဘူး။

ယခင် ဘုန်းကြီးကျောင်းကို စာအံသွားရတဲ့နေ့တွေမှာ ပြေးသွားလေ့ရှိပေမယ့် ယခုတစ်ကြိမ် ပြေးရတာနဲ့တော့ မတူပါဘူး။ တဒုန်းဒုန်း ဆူညံနေတဲ့အသံဟာ ကျွန်တော့်ခြေသံလို့ ထင်ရပေမယ့် တကယ်တော့ အဲဒါဟာ ကျွန်တော့်ရဲ့ နှလုံးခုန်သံ ဖြစ်ပါတယ်။

ကျွန်တော် ပြေးရင်း နောက်ကို တစ်ချက် လှည့်ကြည့်လိုက်ရာ နောက်ဘက် ခပ်လှမ်းလှမ်းမှ မြင်းစီးလာသော မီးတောက်ကို အမှောင်ထုတွင်းမှာ မှုန်ဝါးဝါး မြင်လိုက်ရတော့တယ်။

သူ ဘယ်သွားမယ်ဆိုတာ သိလိုက်ပါပြီ။ ကျွန်တော်ထင်တဲ့အတိုင်းပါပဲ။



ခြံတစ်ခြံနား အရောက်မှာတော့ လမ်းဘေး ချုံပုတ်တစ်ခု နောက်ကွယ်မှာ ဝင်ပုန်းနေလိုက်ပါတယ်။

ချုံပုတ်ဘေးမှာ ပုန်းကွယ်ရင်း မီးတောက် လွန်ထွက်သွားအောင်ပင် စောင့်နေမိပါတယ်။ မီးတောက်ရဲ့ မြင်းခွာသံ ခပ်အုပ်အုပ်ဟာ တဖြည်းဖြည်း နီးကပ်လာပါပြီ။ မီးတောက်ဟာ သူရောက်လာတဲ့ နေ့ကလိုပဲ မြင်းကို ခပ်မတ်မတ် စီးလာတယ်။ ကျွန်တော် သူ့ကို ဘယ်လိုကူညီရမလဲဆိုတာ မတွေးတတ်အောင်ပါပဲ။

ကျွန်တော် မီးတောက်ရဲ့မြင်း ချုံပုတ်နားရောက်အလာမှာ တစ်ချက်မော့ကြည့်လိုက်မိပါတယ်။ အဲဒါဟာ လျှင်မြန်ပါးနပ်လွန်းတဲ့ မီးတောက်ရဲ့ ကျွမ်းကျင်မှုကို မေ့လျော့သွားလို့ပါပဲ။

မီးတောက်ဟာ မြင်းပေါ်မှ ရုတ်တရက် ဆင်းလာကာ ချုံပုတ်ဘေးမှာ ဝပ်နေတဲ့ ကျွန်တော့်ကို ဆွဲထူလိုက်ပါတယ်။

"နီတွတ်လေး ... ဒီအချိန်ဟာ မင်း အပြင်ထွက်ရမယ့်အချိန် မဟုတ်ဘူးကွ၊ ကဲ ...

www.burmeseclassic.com



အိမ်ကို အမြန်ပြန်ပြီး မင်းအမေကို ကူညီချေ၊ အားလုံး အဆင်ပြေသွားမှာပါကွာ''

ပြောရင်း ကျွန်တော့်ကို ခြံများဆီသို့ ညွှန်ပြရင်း ...

''ကဲ ... ကြည့်စမ်း၊ မင်းတို့ရွာဟာ မြစ်ကမ်းနံဘေး သစ်ပင်အုပ်အုပ်ကြီးတွေကြားမှာ ဘယ်လောက် သာယာလိုက်သလဲ၊ ဒီနေရာမှာ နေပြီး မင်း လူကြီးတစ်ယောက်ဖြစ်လာဖို့ လိုတယ်၊ နားလည်လား''

ကျွန်တော်တို့ ရွာလေးမှာ မှုန်ဝါးဝါး လရောင်အောက်တွင် ဆိတ်ငြိမ်အေးချမ်းပြီး နေချင်စဖွယ်လေးပင်။

ကျွန်တော် အခုမှ ဒီဒေသရဲ့ သာယာပုံကို သတိထားမိပြီး ငေးမောနေမိတယ်။

ကျွန်တော် တစ်ဖက် ပြန်လှည့်ကြည့်တဲ့အခါမှာတော့ မီးတောက်ဟာ မြင်းပေါ် ရောက်နေပြီး မြင်းကို ခပ်မှန်မှန် စီးသွားတာ မြင်လိုက်ရတော့တယ်။



ကျွန်တော် အိမ်ပြန်ရကောင်းနိုးနိုး ဖြစ်မိပေမယ့် မီးတောက်နောက်ကို လိုက်သွားချင်တဲ့ဆန္ဒက အနိုင်ယူသွားတော့တယ်။

ကျွန်တော် ခပ်ဝေးဝေးရောက်သွားပြီဖြစ်တဲ့ မီးတောက်နောက်ကို အတင်းပြေးလိုက်မိခဲ့တယ်။

မီးတောက်ဟာ ရွာနဲ့ အတော်ဝေးတဲ့ ခြံကြီးတစ်ခြံရှေ့မှာ မြင်းကို ရပ်ပြီး ဇက်ကြိုးများကို အသာချထားခဲ့ကာ ဆင်းခဲ့လိုက်တယ်။ မြင်းလိမ္မာကတော့ သူ့သခင်ရဲ့အလိုကို သိပြီးသားမို့ မတုန်မလှုပ် ရပ်တန့်ရင်း ခြံစည်းရိုးဘေးမှာ ကျန်ခဲ့လေရဲ့။

မီးတောက်ကိုမြင်လိုက်ရတဲ့ ခြံဝက မိုးကောင်းတပည့်နှစ်ယောက်မှာ အလွန်တုန်လှုပ်ချောက်ချားသွားတဲ့ ပုံစံနဲ့ နောက်ကို နည်းနည်းဆုတ်သွားတယ်။ မီးတောက်က သစ်သားတံခါးကို ခြေထောက်နဲ့ ပစ်ကန်ရင်း ခြံထဲကို ဝင်ရောက်သွားတော့တယ်။

''မိုးကောင်း ဘယ်မှာလဲ''

ပြောရင်းမှ အိမ်ရှေ့ကို တရှေ့ရှေ့ တိုးလျှောက်

www.burmeseclassic.com

www.burmeseclassic.com



သွားတဲ့ မီးတောက်ကိုကြည့်ရင်း ကျွန်တော့်စိတ်တွေ အတော်လှုပ်ရှားနေရတယ်။

"ငါ မသိဘူး"

ဦးမိုးကောင်း ခပ်ညည့်တစ်ဦးရဲ့ အသံတုန်တုန်က မီးတောက်ဒေါသကို ဆွပေးသည့်နှယ်။

"မိုးကောင်း ဘယ်မှာလဲ"

"အောင်ဒွန်းရော ဘယ်မှာလဲ"

အိမ်အပေါ်ထပ်မှ လှမ်းမေးလိုက်တဲ့ ဦးမိုးကောင်းကို မီးတောက် ဖျတ်ခနဲ မော့ကြည့်လိုက်တယ်။ အဲဒီအချိန်မှာပဲ မြေခွေးလို အလစ်အငိုက်ချောင်းနေတဲ့ ကတုံးကောင်ဟာ လက်ထဲမှာ အသင့်ရှိနေတဲ့ ဓားနဲ့ မီးတောက်ကို ပြေးထိုးတာ ကျွန်တော် မြင်လိုက်ရတယ်။

"အား"

ကြောက်မက်ဖွယ်ကောင်းလှတဲ့ အော်သံကြီးကြောင့် ကျွန်တော့်တစ်ကိုယ်လုံး တဆတ်ဆတ် တုန်ရင်နေတယ်။ မှိတ်ထားတဲ့မျက်လုံးကို မဖွင့်ရဲ ဖွင့်ရဲ ပြန်ဖွင့်လိုက်တော့ သွေးတွေပေကျံနေတဲ့ ဓားကြီးကို ကိုင်



ရင်း အိမ်ရှေ့မှာ ရပ်နေတဲ့ မီးတောက်ကို တွေ့လိုက်ရတယ်။

သူ့ညာဖက်လက်မောင်းမှာတော့ သွေးတွေ ရွဲနစ်နေတယ်။ ကတုံးကောင်ဟာ တစ်ချက်သာ ငြီးတွားနိုင်ပြီး အသက်ပျောက်သွားတော့တယ်။ မီးတောက်ရဲ့ ဓားကိုင်လက်က စီးကျလာတဲ့ သွေးတွေဟာ ဓားမှာ ပေကျံနေတဲ့ ကတုံးကောင်ရဲ့ သွေးတွေနဲ့ ရောထွေးသွားတယ်။

တစ်ဘက်က ဓားကိုကိုင်ရင်း ကျန်တဲ့ လက်တစ်ဖက်က ဒဏ်ရာကို ဖိဆုပ်ထားတဲ့ မီးတောက်ရဲ့ မျက်နှာဟာ အတော်လေးကို တင်းမာခက်ထန်နေပြီး အိမ်ပေါ်က တစ်လှမ်းချင်း ဆင်းလာတဲ့ ဦးမိုးကောင်းကို စိမ်းစိမ်းကြီး စိုက်ကြည့်နေတယ်။

ဦးမိုးကောင်းဟာ ဓားလွတ်ကိုကိုင်ပြီး မီးတောက်အနားကို တဖြည်းဖြည်း တိုးလာတယ်။

မီးတောက်က လက်ထဲက ဓားကို အသင့်ချိန်ရွယ်ပြီး စောင့်နေတယ်။

www.burmeseclassic.com

www.burmeseclassic.com



ဦးမိုးကောင်းဟာ ကတုံးကောင်ရဲ့ အလောင်းကို ကျော်ခွပြီး မီးတောက်ကို ဓားနဲ့ပြေးပိုင်းဖို့ အခွင့်ကောင်းကို ချောင်းနေတာယ်လို့ ကျွန်တော် ထင်တယ်။

အုပ်စုနဲ့သာ မိုက်ရဲတဲ့ ဦးမိုးကောင်းတပည့် ခွေးအ,တွေဟာ အသက်မှ ရှူသေးရဲ့လားလို့ ထင်ရလောက်အောင် ငြိမ်သက်နေကြတယ်။

ဦးမိုးကောင်းနဲ့ မီးတောက်ကတော့ တစ်ယောက်နဲ့တစ်ယောက် မျက်တောင်မခတ်ဘဲ စိုက်ကြည့်နေကြတယ်။ ခဏအကြာမှာတော့ ...

"ဝှစ်"

"ချွင်"

"ထန်"

မီးတောက်မျက်နှာရှေ့မှာ ဝှေ့ယမ်းလိုက်တဲ့ ဓားချက်ကို ဆတ်ခနဲ ပြန်ပက်ထုတ်လိုက်တာမို့ ဓားချင်းထိခတ်သံ ပေါ်လာတယ်။ ဦးမိုးကောင်းဟာ အရှိန်ပြင်းပြင်း ခတ်ထုတ်တာ ခံလိုက်ရတဲ့အတွက် ဒေါသတကြီးဓားချက်ပေါင်းများစွာနဲ့ ဝင်တိုက်တော့တယ်။



"ချွင်"

"ရွှင်"

"ထန်"

ဓားချင်း ထိခတ်ပြီး မီးပွားတွေ လွင့်ထွက်လာတဲ့အတွက် သူတို့နှစ်ယောက်မှာ ပြင်းပြင်းထန်ထန် အားစိုက် တိုက်ခိုက်နေတာ ကျွန်တော် သိလိုက်တယ်။ တစ်ကြိမ်မှာတော့ ...

"ဝှစ်"

"ဝှစ်"

"အ ..."

"အား"

လေကိုသာ အချက်ပေါင်းများစွာ ခုတ်မိနေတဲ့ သူတို့ရဲ့ ဓားချက်တွေဟာ တစ်ယောက်ကိုယ်ပေါ် တစ်ယောက် ထိုးခုတ်မိသွားချိန်မှာတော့ နှစ်ယောက်စလုံးရဲ့ မချိမဆန့် ညည်းညူသံတွေကို ကြားလိုက်ရတယ်။ ဓားကိုကိုင်ရင်း နောက်ကို ခြေလှမ်းသုံးလေးလှမ်း ဆုတ်သွားတဲ့ ဦးမိုးကောင်းဟာ သွေးတွေ ပွက်ခနဲအန်ပြီး

www.burmeseclassic.com

www.burmeseclassic.com



လဲကျသွားတော့တယ်။ မီးတောက်ဟာ ဓားကို ဓားအိမ် ထဲမှာ ထည့်ပြီး …

"ကဲ … သတ္တိရှိတဲ့ကောင် လိုက်ခဲ့ကြစမ်း"

လို့ ပြောလိုက်တယ်။ သူ့တစ်ကိုယ်လုံးမှာ ဒဏ်ရာဒဏ်ချက်တွေနဲ့ သွေးတွေ စိုရွှဲနေတယ်။ ဒါပေမဲ့ သူ့အသံဟာ မိုးခြိမ်းသံလို ကျယ်လောင်ဆဲ၊ သူ့ဟန်က လည်း မာကြောခက်ထန်နေဆဲပင်။

သူဟာ ခြံထဲက လူတွေကို တစ်ချက်ဝေ့ကြည့် ပြီး မြင်းဆီကို တစ်လှမ်းချင်း လျှောက်လာတယ်။ သူ့ လက်မောင်းတင် မကဘူး။ သူ့ခါးမှာပါ သွေးတွေ နစ်အိုင်နေတာ ကျွန်တော် တွေ့လိုက်ရတယ်။

ခဏအတွင်းမှာပဲ မီးတောက်ဟာ မြင်းပေါ်ကို ခုန်တက်ပြီး အမှောင်ထုထဲ တိုးဝင်ပျောက်ကွယ်သွား တော့တယ်။

ကျွန်တော် ပုန်းကွယ်နေရာမှ မီးတောက် နောက်သို့ ပြေးလိုက်မိရာ မီးတောက်မှာ ကျွန်တော်တို့ အိမ်ရှိရာ ရွာထဲသို့ မသွားဘဲ ဆန့်ကျင်ဘက်အရပ်သို့



မြင်းကို အပြင်းနှင်ကာ ထွက်သွားတာမို့ ကျွန်တော် တစ်ယောက်တည်း အမှောင်ထဲမှာ ဝမ်းနည်းစွာ ရပ်ကျန် ရစ်ခဲ့တယ်။

မီးတောက် ဘယ်ကိုထွက်သွားပြီလဲ ကျွန်တော် မသိတော့ပါ။

www.burmeseclassic.com

www.burmeseclassic.com



[၁၀]

ကျွန်တော်တစ်ယောက်တည်း ညမှောင်မိုက်ထဲတွင် ယောင်လည်လည် ကျန်ရစ်ခဲ့ရာ အဖေ့မိတ်ဆွေ ဦးလွန်းမောင်နှင့် တွေ့ပြီး သူက အိမ်ပြန်လိုက်ပို့ပေးခဲ့တဲ့အတွက် ကျွန်တော် အိမ်ကို ချောချောမောမောပဲ ပြန်ရောက်ခဲ့တယ်။ အမေဟာ တံခါးပေါက်ဝကနေ စိုးရိမ်တကြီး ထွက်ကြည့်နေတာ တွေ့လိုက်ရတယ်။

"သား … သားရယ်"

ကျွန်တော့်ကို ပြေးဖက်ပြီး အမေဟာ ခပ်တိုးတိုး ရှိုက်နေခဲ့တယ်။

"ခင်ဗျားတို့ဒုက္ခတွေ ပြီးဆုံးသွားပါပြီ"



ဦးလွန်းမောင်က အဖေ့ကို ပြောပြရင်း အိမ်ထဲ ဝင်လာတယ်။

"သူ … မိုးကောင်းနဲ့ မိုးကောင်းရဲ့လူကို သတ်ပစ်လိုက်ပြီ …"

အမေဟာ မီးတောက်လုပ်ရပ်ကို သိခဲ့ပြီး ဖြစ်တဲ့ပုံစံနဲ့ ငိုင်တွေနေတယ်။ အမေ့ရဲ့ ရှိုက်သံဟာ တစ်ချက်တစ်ချက် ပျံ့လွင့်လာတယ်။

"အဖေ … ဦးလေးကို နည်းနည်းပဲ ထိသွားတယ်ဗျ"

ကျွန်တော် ဝင်ပြောလိုက်မိပါတယ်။

"ဟင် … မီးတောက် မသေဘူးပေါ့နော်၊ ဒါနဲ့များ ငါ့ကို စောစောက ဘာလို့မပြောတာလဲ"

အမေဟာ စိတ်ဆိုးမာန်ဆိုးနဲ့ ထထိုင်ပြီး မေးလိုက်တယ်။

"သူ မသေပါဘူးဗျာ၊ ဒဏ်ရာရသွားရုံပါ"

ဦးလွန်းမောင်ရဲ့ အဖြေကြောင့် အဖေနဲ့ အမေ

www.burmeseclassic.com



ဟာ အလွန်ဝမ်းသာသွားကြပေမယ့် ရုတ်ချည်းပင် မျက်နှာပျက်ယွင်းသွားကြကာ …

"သူ ဘယ်ထွက်သွားလဲ"

"သူ မြင်းနဲ့ထွက်သွားတယ်၊ သူ့နောက်ကို ဘယ်သူမှ မလိုက်ရဘူး၊ ဘယ်ထွက်သွားလဲ ဆိုတာတော့ ကျွန်တော် မသိဘူး"

"တောက်"

အမေဟာ မချိတင်ကဲ တောက်ခေါက်လိုက်ပြီး အံကို တင်းတင်းကြိတ်ထားလိုက်တယ်။ အဲဒီအချိန်မှာ အိမ်ထဲကို ဝင်လာတဲ့ လူတစ်ယောက်ကို တွေ့လိုက်ရတယ်။ အဲဒါကတော့ ဦးမိုးကောင်းတပည့် ရွှေဖိုးပါ။ သူ့လက်ထဲမှာ ဓားမြှောင်လေးတစ်ချောင်းကို တွေ့လိုက်ရတယ်။

"ကိုအောင်ဒွန်း … ဒါဟာ နီတွတ်အတွက်ပါ၊ ကျွန်တော် ခင်ဗျားဆီမှာ အလုပ်လုပ်ပါရစေဗျာ"

ရွှေဖိုးဟာ အဖေ့ကို ထိုင်ရှိခိုးမတတ် တောင်းပန်နေပေမယ့် အဖေကတော့ ဘာမှပြန်မပြောဘဲ စိုက်ကြည့်နေတယ်။ အမေက ဝင်ပြီး …



"မီးတောက်က ရွှေဖိုးကို သဘောကျချင်ကျမှာပါ ကိုအောင်ဒွန်းရယ်"

လို့ ဝင်ပြောလိုက်တယ်။ ရွှေဖိုးဟာ အဖေ့ဘက်က တုန့်ပြန်မှု မရခဲ့တဲ့အတွက် အသာပဲ အိမ်ပြင်ထွက်ပြီး ပြန်သွားတော့တယ်။

အမေဟာ ခေတ္တတွေဝေနေပြီးမှ အိမ်ပြင်ထွက်သွားတယ်။ အဖေ့ခြေလှမ်းတွေဟာ လယ်ကွင်းဖက်ကို ဦးတည်သွားတယ်ဆိုတာ ကျုပ် သိလိုက်ပါတယ်။

အမေဟာ ကျွန်တော့်ကို ခပ်တင်းတင်း ဖက်ထားရင်း …

"မီးတောက် ဘာတွေဖြစ်ခဲ့တယ်ဆိုတာ သား ပြန်ပြောစမ်းပါဦး"

ကျွန်တော် အဖြစ်အပျက်အားလုံး အမေ့ကို ပြောပြပြီးနောက် မှေးခနဲ အိပ်ပျော်သွားတော့တယ်။

အမေဟာ တစ်ညလုံး ကျွန်တော့်ဘေးမှာ ထိုင်

www.burmeseclassic.com



နေခဲ့တယ် ထင်ပါရဲ့။

ကျွန်တော် တစ်ရေးနိုးလာတော့ အရုဏ်တက်လုနီးနေပါပြီ။ အမေထိုင်ခဲ့တဲ့ နေရာလေးဟာ နွေးနေဆဲ။

ကျွန်တော် အိပ်ရာက ထပြီး လိုက်ရှာကြည့်တော့ မီးဖိုချောင်တံခါးဝကနေ တစ်နေရာကို ငေးနေတာ တွေ့လိုက်ရတယ်။

အမေ့နားမှာ သွားရပ်ပြီး အမေကြည့်တဲ့ နေရာကို လိုက်ကြည့်တော့ ခြံတန်းမှီပြီး အပြင်ကို ငေးနေတဲ့ အဖေ့ကို တွေ့ရတယ်။

အဖေက တန်းကို မှီထားရင်းမှ ...

"ငါ ... ဗီရွာ ဒီဒေသကို မကြည့်ချင်တော့ဘူး၊ ဒီမှာ ဆက်နေရင် ငါ ရင်ကွဲရလိမ့်မယ်၊ ငါ ဒီရွာကနေ ပြောင်းသွားချင်တယ်၊ မိုးကုတ်စက်ဝိုင်းအောက်မှာ ငါတို့အတွက် လုပ်ကိုင်စားသောက်ဖို့ မြေတစ်နေရာတော့ ရှိဦးမှာပါ"

အမေဟာ အဖေ့စကားကို နားစိုက်ထောင်နေရင်းက ...

"ကိုအောင်ဒွန်း ... ဒီနေရာမှာ တကယ်တမ်းနေဖို့ ကြံလာတော့မှ ရှင်က ပြောင်းပြေးတော့မလို့လား"

"မင်း ... မသိဘူး၊ သူ ထွက်သွားပြီ၊ ကျုပ်တို့ဆီကနေ ထွက်သွားပြီ"

"သူ မသွားပါဘူးရှင်၊ သူ ဒီနေရာမှာပဲ ရှိတယ်၊ ဒီနေရာ ဒီခြံ ဒီယာတွေဟာ သူ ပေးခဲ့တာပေါ့၊ သူဟာ ကျုပ်တို့နားမှာပဲ ရှိရမယ်"

အမေဟာ ပြောပြောဆိုဆို ခြံတိုင်အမြင့်ကြီးနားသို့ ပြေးသွားတော့တယ်။ အဲဒီခြံတိုင်ဟာ မီးတောက်စိုက်ထူခဲ့တဲ့ ခြံတိုင်ပဲပေါ့။ အမေဟာ လက်နှစ်ဖက်နဲ့ ခြံတိုင်ကို ကိုင်ပြီး ...

"ကိုအောင်ဒွန်းရေ ... ဒီကိုမြန်မြန်လာပြီး နှုတ်ကြည့်စမ်းပါဦး"

အဖေမှာ ဘုမသိ ဘမသိ ပြေးသွားပြီး ခြံတိုင်ကို ဆွဲနှုတ်ရတော့တယ်။ တန်းတွေကို ကိုင်ပြီး အားစိုက်



www.burmeseclassic.com

www.burmeseclassic.com



ခုတ်ပေမယ့် ခြံတိုင်နှင့် ခြံစည်းရိုးတန်းမှာ နှုတ်မရချေ။

"တော်ပါတော့ရှင်၊ ကျုပ် သိစေချင်တာ တို့တွေဟာ ဒီမှာ အမြစ်တွယ်နေကြပြီ၊ ဒီနေရာမှာ ကျုပ်တို့ အခြေစိုက်မိနေပြီဆိုတာပဲ"

အမေ့စကားကြောင့် အဖေ့မျက်လုံးအစုံမှာ မျှော်လင့်ချက်ရောင်ခြည်တွေ လက်ဖြာလာတာကို ကျွန်တော် တွေ့လိုက်ရပါတယ်။

*



ဒီနောက်မှာတော့ ...

ကျွန်တော်တို့ တစ်ရွာလုံးမှာ မီးတောက် အကြောင်းဟာ ပြောမဆုံးအောင် ဖြစ်ကျန်ခဲ့ပါတော့တယ်။ လယ်သမားတွေရဲ့ ပါးစပ်ဖျားမှာ မီးတောက်ဆိုတဲ့နာမည်ဟာ အမြဲလို မပါမဖြစ်ပေါ့။

လူတိုင်းလိုလို မီးတောက်အကြောင်းကို ထပ်ကာတလဲလဲ ချဲ့ကားပြောဆိုနေကြတယ်။

အများအားဖြင့်တော့ မီးတောက်ကို ချီးကျူးဂုဏ်ပြုနေကြတာတွေချည်းပါ။

ဒီကြားထဲမှာမှ ထူးထူးဆန်းဆန်း သတင်းစကား တစ်ခုကိုလည်း ကြားရသေးတယ်။

ကျွန်တော်တို့ ရွာကလူတွေ မြို့သွားရင်း သိလာရတာပေါ့။ မီးတောက်ဟာ တကယ်တော့ ဝရမ်းပြေးလူဆိုးကြီးတဲ့။ အောက်အရပ်မှာ လူတွေသတ်ပြီး ရှောင်လာတာလို့ ဆိုကြတယ်။

သူတို့ပြောတာက အဲဒီလူဆိုးကြီးရဲ့ နာမည်က ဒဏ္ဍမာန်ဆိုလား၊ ခပ်ဆန်းဆန်းပါပဲ။

www.burmeseclassic.com

www.burmeseclassic.com



မီးတောက်ဟာ သူတို့ပြောတဲ့ ဒဏ္ဍာမာန်ဖြစ်ချင်လည်း ဖြစ်လိမ့်မယ်၊ မဟုတ်ဘဲလည်းနေနိုင်တယ်။ ဒါပေမယ့် သူတို့ပြောသလို လူဆိုးကြီးဆိုတာတော့ ဘယ်နည်းနဲ့မှ မဖြစ်နိုင်ပါဘူး။

သူ့စိတ်ကို ကျွန်တော် နားအလည်ဆုံးပါပဲ။

သူ လူသတ်ခဲ့တာ တကယ်ဆိုရင်လည်း အဲဒီ သူသတ်ခဲ့တဲ့ လူတွေကသာ လူဆိုးတွေဖြစ်ပါလိမ့်မယ်။

သူ ဝရမ်းပြေးကြီးဖြစ်နေတာတော့ ကျွန်တော့်အတွက် ပျော်စရာတစ်ကွက်တောင် ရသလိုပါပဲ။

ရွယ်တူတွေနဲ့ ကတောက်ကဆဖြစ်ကြတိုင်း ငါ့အစ်ကိုက ဝရမ်းပြေးကြီးနော် … လို့ ခြောက်လို့ရတယ်လေ။

ဒီတော့ မီးတောက်ဟာ တကယ်တမ်း ဘယ်သူလဲ။ ကျွန်တော် မသိပါ၊ စိတ်လည်းမဝင်စားလှပါ။

ကျွန်တော့်ရင်ထဲမှာတော့ သူဟာ ကျွန်တော်တို့ရဲ့ တစ်ဦးတည်းသော သူရဲကောင်းကြီးပါပဲ။

ရက်တရက် ရောက်လာခဲ့ပြီး ရုတ်တရက်ကြီး



သူ ပျောက်ကွယ်သွားခဲ့ပေမယ့် ကျွန်တော့်ရဲ့ အမှတ်သညာထဲမှာတော့ မီးတောက် အမြဲတမ်းရှိနေပါတယ်။

ကျွန်တော်ဟာ မကြာခဏ မီးတောက်နဲ့ သစ်ပင်ချုံပုတ်တွေကြားမှာ နောက်ဆုံး တွေ့ခဲ့ကြရပုံ၊ မီးတောက်ရဲ့ ဖျတ်လတ်သွက်လက်စွာ ထိုးခုတ် တိုက်ခိုက်ပုံ၊ ရဲရင့်ပုံတွေကို ပြန်ပြန်တွေးပြီး အားရ ကျေနပ်နေမိတော့တယ်။

အဲဒီ နောက်ဆုံးညတုန်းက မီးတောက်ရဲ့ တည်ကြည်ခန့်ညားပုံ၊ စွန့်စားရဲပုံတွေကို ကျွန်တော် တစ်သက် ဘယ်တော့မှ မေ့နိုင်တော့မှာ မဟုတ်ပါဘူး။

မီးတောက်ပေးခဲ့တဲ့ ဓားမြှောင်ကလေးကို ထုတ်ကြည့်ရင်း မိုးတွေ သဲသဲမဲမဲ ရွာတဲ့နေ့မှာ ရောက်လာမယ့် ညှိသည်ကို နေ့တိုင်းလိုလို ကျွန်တော် မျှော်နေမိတော့တယ်။

မြင်းခွာသံတွေ ကြားတိုင်း ကျွန်တော် ခြံဝကို ထွက်မျှော်ရင်း မီးတောက်ကို ယနေ့ထိ စောင့်မျှော်နေဆဲပါပဲ။ ။

www.burmeseclassic.com

www.burmeseclassic.com



## ဒသမကျော်စွာရဲ့ စကား

ကျွန်တော့်မှာ တူဆိုးဆိုးလေးတစ်ယောက် ရှိပါတယ်။ သူ့နာမည် ချစ်စနိုးနဲ့ခေါ်ကြတာက …

'**ကောင်ကလေး**' တဲ့။

အားလုံးပိုင်းပြီး အလိုလိုက်ထားတော့ ကောင်လေးက နည်းနည်း ဆိုးချင်တယ်။

ဦးလေးဆိုတော့လည်း ကျွန်တော်ထိန်းရတာပေါ့လေ။ ကျွန်တော်တို့ဆီ ပြန်လာတုန်း (ကောင်လေးက စင်္ကာပူမှာ ကျောင်းတက်နေတာပါ) ဆုံးမရတယ်။

ကိုယ့်ဦးလေးက ဗမာ့ရေးယောင်း ထူးဆန်းအံ့ ချီးမွမ်းယ်ရာ တွေကို ရေးသားပြီး အသက်မွေးနေတဲ့ဟာ ကောင်ကလေးကို လည်း ဒီအကြောင်းတွေ စိတ်ပါစေချင်မိတာပေါ့။

သူ ကျွန်တော်ပေးတဲ့ စာအုပ်တွေဘာတွေ ယူတော့ဖတ် တယ်။ ဘာမှတော့ မပြောဘူး။

တစ်နေ့ကျတော့ ရုတ်တရက်ကြီး ကျွန်တော့်ကို ဖုန်း ဆက်တယ်။

"ဦးငယ် သား စာအုပ်ထုတ်ချင်လို့"

တဲ့။ ကျွန်တော့်မှာ သူနောက်နေတာလားတောင် ထင် လိုက်မိပါတယ်။ နောက်တစ်ပတ်လောက်အကြာမှာ ခနက်အစော



ကြီး ကောင်လေးပေါက်ချလာတယ်။

သူ စင်္ကာပူကောလိပ်က ခဏနိုးပြန်လာတာတဲ့။ သူ့ အမေတောင် အသိမပေးဘူး။

ပြီးတော့ ကျွန်တော့်လက်ထဲ ဝုန်းကနဲ စာအုပ်ထုပ်ကြီး တစ်ထပ် အပ်တယ်။

"ဘာတွေလဲကွ"

ဆိုတော့ …

"ဝတ္ထုတွေလေ"

တဲ့။ ဟုတ်မှ ဟုတ်ရဲ့လား၊ ကျွန်တော် ယူဖတ် ကြည့် လိုက်တယ်။

အရမ်းပဲ ကျွန်တော် အံ့သြသွားရပါတယ်။

အရေးအသားက (သူ့စကားအတိုင်း ပြောရရင်) လုံးဝ ခေါ်လီပဲ။ ကျွန်တော်တောင် သူ့ဝတ္ထုတွေဖတ်ပြီး ချက်ချင်း ၁၆နှစ် သားလောက် ဖြစ်သွားသလိုပါပဲ။

သူ့ဟာက အချစ်ဝတ္ထုလိုင်းပါပဲ။

ဒါပေမယ့် လောကမှာ ဒီလို အချစ်ဝတ္ထုမျိုးရှိနေလိမ့်မယ် လို့တောင် ကျွန်တော်မထင်မိဘူး။

တစ်အုပ်ပြီးတစ်အုပ် ဖတ်လို့ပြီးသွားတာနဲ့ကျွန်တော့် ထုတ်ဝေသူဆီ ဖုန်းဆက်ပေးတယ်။

ထုတ်ဝေသူ ရောက်လာတယ်။

တစ်အုပ်တောင် ဆုံးအောင်မဖတ်ရသေးဘူး။ ထုတ်ဝေသူ

BURMESE CLASSIC
www.burmeseclassic.com

www.burmeseclassic.com



မျက်နှာက ပြုံးနေပြီ။

နောက်ထပ် တစ်အုပ်ပြီး တစ်အုပ်။

ကောင်ကလေးရဲ့ စာအုပ်တွေကို အငမ်းမရတာရစပ် ဖတ်တော့တယ်။

ပြီးတော့ ကောင်ကလေးဘက် လှည့်ကြည့်ပြီး

"ကြိုက်တယ် ညီလေးရာ ကိုယ်ထုတ်ပေးမယ်"

တဲ့။ အဲဒီမှာ ကျွန်တော့်တူရဲ့ ဝသီစတော့တာပဲ။

ပထမဆုံး သူ့စာအုပ်ကို သိန်း၂၀ဖိုးလောက် ကြော်ငြာပေးရမယ်တဲ့။ အုပ်ရေ ရိုက်နိုင်းလိုက်တာကလည်း အများကြီး။ စာအုပ်အခင်းအပြင်ကိုလည်း သူယူလာတဲ့ စက္ကူက စာအုပ်တွေ ပြရင်း အဲဒီအတိုင်းလုပ်ပေးပါတဲ့။

ထုတ်ဝေသူ တစ်ခါတည်း ချွေးပြန်တော့တာပဲ။ပြီးတော့ အသံယဲ့ယဲ့နဲ့ ပြောရှာတယ်။

"ညီလေး ပြောတာတွေသာ လိုက်လုပ်ပေးရရင် အစ်ကို အိမ်ပါပေါင်ရလိမ့်မယ်"

တဲ့။ ကျွန်တော့်တူက လုပ်နေသေးတယ်။

"ဒါဆို ကျွန်တော့် ဦးငယ်အိမ်ကို ပေါင်ပြီး လုပ်ဗျာ"

တဲ့။ ကျွန်တော့်မှာ ကိုယ်ကျိုးစီးပွားထိခိုက်လာမှာကြောင့် ဝင်တားရပါတော့တယ်။

သူ့ကို ကျွန်တော့်ထုတ်ဝေသူ သုံးယောက်လုံးနဲ့ ဆက်သွယ်ပေးပါတယ်။



ကျွန်တော့်တူ အကောင်းစားလေးက အဲဒီလို အမျိုးချည်းပဲ။

နောက်ဆုံး ...

ကျွန်တော် အပြတ်ပြောရတယ်။

"ကဲ မင်း ကျောင်းကို ပြန်စရာရှိတာပြန်၊ ကျွန်တော့်ကိစ္စ အားလုံး ငါလုပ်ထားလိုက်မယ်"

"ကျွန်တော့် စာအုပ်လေးတွေ ဘယ်သူထုတ်ပေးမှာလဲဗျ"

"ငါထုတ်ပေးပါ့မယ်ကွာ၊ ငါကိုယ်တိုင် ငါ့ပိုက်ဆံနဲ့"

ကျွန်တော်ကလုပ်မယ်ဆိုတော့လည်း သူမပြောသာတော့ဘူး။ ဒါတောင် ထပ်ထွန့်တက်ခဲ့သေးတယ်။

"ဦးငယ် ကောင်းကောင်းလေးတော့လုပ်နော်၊ ကျွန်တော်က ကျွန်တော့်ပရိသတ်ကို အကောင်းစားတွေချည်း ပေးချင်တာ"

တဲ့။

"အေးပါကွာ၊ မင်း ကျောင်းမှာသာ ပညာဖြောင့်အောင် သင်ပါ၊ ကျန်တာ ငါ စီစဉ်ပါ့မယ်"

ဒီလိုနဲ့ပါပဲ ...

စီးပွားရေးမလုပ်တတ်တဲ့ ကျွန်တော်ဟာ ကောင်လေးရဲ့ စာအုပ်တွေ ထုတ်ပေးဖို့ ဖြစ်လာရပါတယ်။

ဒါပေမယ့် ကျွန်တော်က ပိုက်ဆံစိုက်ပေး၊ နာမည်သာ

www.burmeseclassic.com

www.burmeseclassic.com



ခံတာပါ။ ကျွန်တော့် ထုတ်ဝေသူပဲ အကုန်လုပ်ပေးပါလေရဲ့။

ဒါကြောင့် ...

ဒီစာဟာ ပရိသတ်ကြီးကို အကြောင်းကြားတဲ့စာလည်း ဖြစ်ပါတယ်။

ပန်ကြားတဲ့ စာလည်း ဖြစ်ပါတယ်။

မကြာခင် ကျွန်တော့်တူ ကောင်ကလေး ရဲ့ လုံးချင်းဝတ္ထု လေးတွေ ကျွန်တော်ထုတ်ပေးပါတော့မယ်။

ကောင်းမကောင်း အကြောင်းချင်းရာတွေကိုတော့ ပ သတ်ကြီးသာ ဆုံးဖြတ်ပေးကြပါ။

ကျွန်တော့်တူ မလိမ်မိုး မလိမ္မာလေးကိုလည်း တစ် လက်စတည်း ပရိသတ်ကြီးဆီ အပ်ပါတယ်။ ကောင်လေးတ ချာတိတ်သာသာလေးမို့ ချစ်သောမျက်စိနဲ့ကြည့်ပြီး ဝေဖန်လမ်းညွှ ပေးကြပါ။

သူ့စာလေးတွေကတော့ လတ်ဆတ်ဆန်းသစ် ပါတယ် ပရိသတ်အတွက် တော်တော်စေတနာထားပြီး အပင်ပန်းခံ အာ ထုတ်ထားမှန်းလည်း ပေါ်လွင်ပါလေရဲ့။

အဲဒါလေးတစ်ခုတော့ ကျွန်တော် အာမခံနိုင်ပါတယ်။

ဒဿကျော်စွာ

www.burmeseclassic.com